# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ် (၁၇၉)


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၂၇

၂၀၂၅ ခုနှစ် မတ် ၂၇ ရက် ယနေ့တွင်ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✪

**ယနေ့** *သတင်းအညွှန်း*


ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့် — ပြည်တွင်းသတင်း — စာ ၂

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ — ပြည်တွင်းသတင်း — စာ ၁၄

ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေး — ဆောင်းပါး — စာ ၁၆

မြန်မာ့အလင်း

# ဦးစားပေးပြီးမြောက်အောင် ဆောင်ရွက်ရမည့် ရွေးကောက်ပွဲအထမြောက်သည့်အဆင့်

လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ တိုင်းသိပြည်သိ ကမ္ဘာသိ အကြိမ်ကြိမ်ထုတ်ဖော် ပြောကြားချက်များနှင့်အတူ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကလည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာရရှိရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခဲ့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် မြို့နယ်အချို့ ကောက်ယူရန် ကျန်ရှိနေသည်။ ကောက်ယူရရှိသည့်စာရင်းများအပေါ် မူတည်၍ ဆန္ဒမဲပေးနိုင်သည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းမှာ ကောက်ယူရရှိပြီးဖြစ်သည်။

လက်ရှိ ပြည်တွင်းဒေသအချို့တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် ဒေသမတည်ငြိမ်မှုများကြောင့် ရွေးကောက်ပွဲကျင်းပရန် ဖြစ်နိုင်မဖြစ်နိုင် ဝေဖန်ပြောကြားမှုများ ရှိနေသကဲ့သို့ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူအချို့ကလည်း ရွေးကောက်ပွဲကျင်းပမည့်အပေါ် အနှောင့်အယှက်ပြုရန် ခြိမ်းခြောက်မှုများလည်း ရှိနေသည်။ မည်သို့ပင်ရှိစေကာမူ ရွေးကောက်ပွဲများ ကျင်းပပေးခြင်းသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိခြင်းပင်ဖြစ်ပြီး နိုင်ငံ၏ အချုပ်အခြာအာဏာကို မူလပိုင်ရှင်ဖြစ်သော နိုင်ငံသားပြည်သူများ၏ လက်သို့ ပြန်လည်အပ်နှင်းခြင်းပင်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေးအတွက် အချိန် ၉လခန့် ကျန်ရှိနေရာ ယင်းကာလအတွင်း ဖြစ်ပေါ်တိုးတက်လာသည့် အခြေအနေများနှင့် လိုက်လျောညီထွေစွာပင် ရွေးကောက်ပွဲကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်မည်ဖြစ်သည်။

“မိမိတို့အနေဖြင့် ရွေးကောက်ပွဲ အထမြောက်သည့်အဆင့်ကို ဦးစားပေး ပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်များ ကျင်းပရာတွင် အစည်းအဝေး အထမြောက်ခြင်းနှင့်ပတ်သက်၍ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များနှင့် ပတ်သက်၍လည်း အလားတူပင်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတ် ၂၅ ရက်တွင် ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများအရ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်ဟု ပြဋ္ဌာန်းထားရာ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံတစ်ပုံ ရှိပြီးဖြစ်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် နောက်ထပ်လိုအပ်သော လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ကို ရွေးကောက်တင်မြှောက်နိုင်လျှင် ရွေးကောက်ပွဲ အထမြောက်ပြီဖြစ်သည်။

ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာလ တတိယပတ်နှင့် စတုတ္ထပတ်၊ ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ်တို့ အတွင်း ကျင်းပပြုလုပ်ရန် လျာထားပြီး Electronic Voting Machine ဖြင့် ကိုယ်တိုင် ဆန္ဒမဲပေးကြရမည် ဖြစ်သည်။ ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့် မဲများသူအနိုင်ရသည့် စနစ် (First Past The Post)FPTP စနစ်အပြင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့တွင် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေးအတွက်လည်း လျာထားဆောင်ရွက်လျက်ရှိရာ အားလုံးသဘောတူညီ ဆုံးဖြတ်ပြီးပါက တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ကြမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရန် နိုင်ငံတော်က ခိုင်မာပြတ်သားသည့် သန္နိဋ္ဌာန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အပေါ် နိုင်ငံသားပြည်သူတစ်ရပ်လုံးက တညီတညွတ် လိုက်ပါဆောင်ရွက်ခြင်းဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ မဝေးတော့သည့်အနာဂတ်တွင် ဖြစ်ပေါ်တိုးတက်လာနိုင်ပါမည့်အကြောင်း။ ။

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၂၇ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက် )
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အောက်ဖော်ပြပါ ကော့သောင်းအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် ထိုင်းနိုင်ငံသား (၄) ဦးနှင့် ဘားအံအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် ဖိလစ်ပိုင်နိုင်ငံသား (၃) ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံ ကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည် –

| | | | |
|---|---|---|---|
| (၁) | ကသမ/၂၄/၀၀၄၁၆/က | Virot Saphanthong Na Nakhon | ထိုင်းနိုင်ငံသား၊ |
| (၂) | ကသမ/၂၄/၀၀၄၁၇/က | Sunan Mongkutton | ထိုင်းနိုင်ငံသား၊ |
| (၃) | ကသမ/၂၄/၀၀၄၁၈/က | Sonpong | ထိုင်းနိုင်ငံသား၊ |
| (၄) | ကသမ/၂၄/၀၀၄၁၉/က | Thavorn | ထိုင်းနိုင်ငံသား၊ |
| (၅) | ဖအ / ၂၅ /၀၀၁၀၄/က | Mr. Jayson Corprz Jaramilla | ဖိလစ်ပိုင်နိုင်ငံသား၊ |
| (၆) | ဖအ / ၂၅ /၀၀၁၁၁/က | Mrs. Sun Shine Rivera | ဖိလစ်ပိုင်နိုင်ငံသား၊ |
| (၇) | ဖအ / ၂၅ /၀၀၁၁၂/က | Mrs. Magdalena Vicente | ဖိလစ်ပိုင်နိုင်ငံသား။ |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တောင်ငူမြို့၌ အစိုးရဓမ္မာစရိယစာမေးပွဲ ကျင်းပလျက်ရှိ

**တောင်ငူ မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သာသနာ့ ဗိမာန်တော်ကြီး၌ တောင်ငူခရိုင် သာသနာရေးဦးစီးဌာနမှ ကြီးမှူး၍ အစိုးရဓမ္မာစရိယ စာမေးပွဲကို မတ် ၂၅ ရက်မှ စတင်၍ ကျင်းပလျက်ရှိရာ မတ် ၂၆ ရက် ဒုတိယနေ့တွင် ပါရာဇိကကဏ္ဍ ပါဠိအဋ္ဌကထာဘာသာရပ် ဖြေဆိုခဲ့သည်။

အစိုးရဓမ္မာစရိယ စာမေးပွဲကို မတ် ၂၅ ရက်မှ ဧပြီ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တောင်ငူခရိုင်အတွင်းရှိ သံဃာတော်များ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့ ဒုတိယနေ့တွင် ပါရာဇိကကဏ္ဍ ပါဠိအဋ္ဌကထာ ဘာသာရပ် ဖြေဆိုသူ သံဃာတော် ၄၀၈ ပါး၊ သီလရှင် ၄၄ ပါး စုစုပေါင်း ၄၅၂ ပါး ဖြေဆိုသည်။

အဆိုပါ စာမေးပွဲတွင် သက်တော် (၇၃) နှစ်၊ ဝါတော် (၅၃)ဝါ သက်တော်ရှည် ဆရာတော်ကြီး တောင်ငူမြို့ မြသိန်းတန်ကျောင်းစာသင်တိုက် ပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပါမောက္ခ (ဒဿနိက ဇေဒပါရဂူ) ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

## အစိုးရဓမ္မာစရိယစာမေးပွဲ တတိယနေ့ ကျင်းပ

နေပြည်တော် မတ် ၂၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (တတိယနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေ စာရင်းသွင်း ၁၁၄၈၅ ပါး/ဦးအနက် ၉၃၉၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၈၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ၂၇-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၁၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – | စိုးစိုးနိုင် | **သတင်းထောက်မှူး** | – | ခင်ရတနာ |
| **စာတည်းမှူး** | – | မြင့်စိုး | **အကြီးတန်း** | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | – | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | – | အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | | |
| **စာပြင်** | – | ဇော်မင်းသန်းနှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | – | တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | – | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** – (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အပြစ်မဲ့ပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်နေမှုတွေကို လက်မခံနိုင်သလို ဒို့တာဝန်အရေးသုံးပါးကိုထိပါးလာတဲ့ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်တွေကိုလည်း လုံးဝလက်သင့်ခံလို့မရတဲ့အတွက် တပ်မတော်အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့အတူ တရားသောစစ်ကို ဆက်လက်ဆင်နွှဲသွားမှာဖြစ်

## ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

**ရဲဘော်တို့**

ဒီနေ့ဟာ နယ်ချဲ့လွတ်မြောက်ရေးလှုပ်ရှားမှုနဲ့ စတင်သန္ဓေတည်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုနဲ့အတူ ပေါ်ပေါက်လာတဲ့ ဒို့တပ်မတော်ရဲ့ နှစ်(၈၀) ပြည့်တပ်မတော်နေ့ဖြစ်တယ်။ တစ်နည်းအားဖြင့် တပ်မတော်ဟာ သူတစ်ပါးဩဇာခံဘဝကနေ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ အမျိုးသားတပ်မတော်အဖြစ် ကူးပြောင်းခဲ့တာကို ကမ္ဘာသိုက်ကွန်း တင်ခဲ့တဲ့နေ့ဖြစ်သလို နိုင်ငံ့လွတ်လပ်ရေးအတွက် တပ်မတော်နဲ့ တိုင်းရင်းသားပြည်သူတွေ လက်တွဲပြီး ဖက်ဆစ်ဝါဒီတွေကို စတင်တွန်းလှန် မောင်းထုတ်ခဲ့တဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ကို ဂုဏ်ပြုတဲ့နေ့ထူးနေ့မြတ်လည်းဖြစ်တယ်။ ဒို့တပ်မတော်ရဲ့ သမိုင်းကြောင်းဟာ မျက်မှောက်ခေတ်နိုင်ငံတော်ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းနဲ့ တစ်သားတည်း ဆက်စပ်နေတာကြောင့် နှစ်(၈၀)ပြည့်မြောက်တဲ့ ဒီနေ့ဟာ ဒို့တပ်မတော်အတွက် ထူးခြားလေးနက်တဲ့ နေ့တစ်နေ့ဖြစ်လို့ ဒီလိုသမိုင်းဝင်နေ့ထူးနေ့မြတ်မှာ ရဲဘော်တို့ကို သိသင့်သိထိုက်တာတွေ အလေးထား မှာကြားသွားမှာဖြစ်တယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံရဲ့သမိုင်းကြောင်းကို ပြန်ကြည့်ရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းတဲ့ကာလတွေမှာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ရယ်လို့ ထည်ဝါခန့်ညားစွာ ရပ်တည်နိုင်ခဲ့တာကို တွေ့ရှိရတယ်။ ကိုလိုနီနယ်ချဲ့တွေဟာ သယံဇာတပေါကြွယ်ဝတဲ့ ဒို့နိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နဲ့ ၁၈၈၅ ခုနှစ်တို့မှာ မတရားကျူးကျော်စစ် ၃ ကြိမ်တိုင်တိုင် ဆင်နွှဲခဲ့တာကြောင့် နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ လုံးဝလက်လွတ်ဆုံးရှုံးခဲ့ရတယ်။ ဒို့နိုင်ငံ ကိုလိုနီဘဝကျရောက်ခဲ့ချိန်မှာတော့ နယ်ချဲ့တွေဟာ ကာလကြာရှည်ကျွန်ပြုနိုင်ဖို့အတွက် ပရိယာယ်အမျိုးမျိုးနဲ့ သွေးခွဲအုပ်ချုပ်မှုတွေ ပြုလုပ်ခဲ့ကြတယ်။ ဒီလိုသွေးခွဲအုပ်ချုပ်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားတွေအကြား အချင်းချင်းမယုံကြည်မှုတွေဟာ လွတ်လပ်ရေးရပြီးချိန်မှာ အယူဝါဒကွဲပြားမှုတွေနဲ့ ရောယှက်ပြီး ကြီးမားတဲ့ လက်နက်ကိုင်ပဋိပက္ခကို ဖြစ်စေခဲ့တယ်။ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုဟာ ၁၉၄၉ ခုနှစ်မှာ ပိုမိုဆိုးရွားလာခဲ့တာကြောင့် ဒို့တပ်မတော်အနေနဲ့ ရန်ကုန်အစိုးရလို့ခေါ်ရတဲ့ အနေအထားကနေ အသက်၊ သွေး၊ ချွေး များစွာပေးဆပ်ပြီး တိုင်းပြည်ကို ကယ်တင်ပေးနိုင်ခဲ့တယ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

တပ်မတော်အနေနဲ့ ပြည်တွင်းသောင်းကျန်းမှုတွေအပြင် တရုတ်ဖြူ(ကူမင်တန်)နဲ့ မူဂျာဟစ်ကုလားဆိုးတွေရဲ့ ပြည်ပကျူးကျော်မှုတွေ နှိမ်နင်းခဲ့ရတာ စွဲစွဲမြဲမြဲမှတ်ထားကြဖို့လိုသလို အဲဒီအချိန်အဲဒီကာလမှာ ပါတီအကွဲအပြဲတွေကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအကျပ်အတည်းကိုလည်း အိမ်စောင့်အစိုးရအဖြစ် ၁၉၅၈ ခုနှစ်မှာတာဝန်ယူပြီး နိုင်ငံတော်ကြီးတည်ငြိမ်အောင် အခက်အခဲမျိုးစုံကြားက ဖြေရှင်းဆောင်ရွက်ပေးခဲ့ရတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့် တိုင်းပြည်ပြိုကွဲမယ့်အန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရတဲ့ ၁၉၆၂ ခုနှစ်မှာလည်း တပ်မတော်ကပဲ ကာကွယ်စောင့်ရှောက်ပေးခဲ့ရပြန်တယ်။

ဒ့ါအပြင် ၁၉၈၀ အလွန်ကာလ အဲဒီအချိန်က အာဏာရပါတီရဲ့ အားနည်းချက်တွေကြောင့် ၁၉၈၈ ခုနှစ်မှာ ဆူပူအုံကြွမှုတွေနဲ့ မင်းမဲ့စရိုက်ဆန်တဲ့ အပြုအမူတွေဖြစ်ပေါ်လာပြီး အုပ်ချုပ်ရေးယန္တရားတွေ ထိခိုက်ပျက်စီးလာချိန်မှာလည်း တပ်မတော်ကပဲ တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ရတယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ ပြည်သူအများလိုလားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်က ပုံဖော်ပေးခဲ့ပြီး ဒီမိုကရေစီအစိုးရ ၂ ဆက်မှာ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်စေရေးအတွက် တပ်မတော်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံကနေ ပူးပေါင်းဆောင်ရွက်ပေးခဲ့တယ်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ အာဏာရပါတီဟာ အလွန်ရုပ်ဆိုးအကျည်းတန်တဲ့ မဲမသမာမှုတွေကို ပြုလုပ်ခဲ့ကြတယ်။ ဒီလုပ်ရပ်ဟာ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ တရားမျှတပြီး စစ်မှန်တဲ့ရွေးကောက်ပွဲတစ်ခုမဖြစ်ခဲ့ဘဲ ပါတီစုံဒီမိုကရေစီစနစ်ကို ပျက်ယွင်းစေတဲ့ မရိုးသားတဲ့ နိုင်ငံရေးလုပ်ရပ်ဖြစ်ခဲ့တယ်။ တပ်မတော်အနေနဲ့ ဖြေရှင်းဆောင်ရွက်ပေးဖို့ တရားဥပဒေနဲ့အညီ တောင်းဆိုခဲ့ပေမယ့်လည်း တောင်းဆိုချက်တွေကို လျစ်လျူရှုပြီး လွှတ်တော်ခေါ်၊ နိုင်ငံတော်အာဏာကို မတရားတဲ့နည်းလမ်းနဲ့ အဓမ္မရယူဖို့လုပ်ဆောင်ခဲ့တယ်။ ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်ခဲ့ရတာဖြစ်တယ်။ ဒို့တပ်မတော်အနေနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလကနေ လက်ရှိအချိန်အထိ ခေတ်အဆက်ဆက်မှာ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမယ့်အန္တရာယ်တွေနဲ့ ကြုံတွေ့လာရတိုင်း နိုင်ငံတော်နဲ့ပြည်သူအတွက် စွမ်းစွမ်းတမံကာကွယ်စောင့်ရှောက်ပေးခဲ့သလို အနာဂတ်ကာလမှာလည်း ဆက်လက်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံမှာ ခေတ်စနစ်ရဲ့ တောင်းဆိုချက်အရ ပြည်သူလူထုရဲ့ လိုအင်ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်တို့ကို ဖော်ဆောင်နိုင်ဖို့ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြုလုပ်ပြီး ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ သဘောဆန္ဒအရ ရေးဆွဲထားခြင်းမဟုတ်ဘဲ နယ်ပယ်ကဏ္ဍအသီးသီးက ကိုယ်စားလှယ် ၁၀၀၀ ကျော်ပါတဲ့ အစုအဖွဲ့ ၈ ဖွဲ့နဲ့ အမျိုးသားညီလာခံ တစ်ရပ်ကျင်းပပြီး ဖြတ်သန်းခဲ့ရတဲ့သမိုင်းကြောင်းများအပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရေးဆွဲခဲ့ကြတာဖြစ်တယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၂၀(စ)မှာ “တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်”လို့ အတိအလင်းပြဋ္ဌာန်းထားတာနဲ့အညီ ဒို့တပ်မတော်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်လျက်ရှိတယ်။ ဒ့ါအပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၆(စ)မှာ “နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်” ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ ဒို့တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးတာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်လျက်ရှိတယ်။ အမျိုးသားနိုင်ငံရေးဆိုတာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ *စာမျက်နှာ ၄ သို့*

❒ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ဟာလည်း နိုင်ငံအတွင်းဖြစ်ပေါ်လာတဲ့ နိုင်ငံရေးပြဿနာကို အခွင့်ကောင်းယူပြီး PDF အမည်ခံအကြမ်းဖက်သမားတွေနဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးပျက်ပြားအောင် နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်ခဲ့ကြတယ်။ အပြစ်မဲ့ပြည်သူတွေကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာတွေ၊ သူတို့အလိုကျ ပူးပေါင်းဆောင်ရွက်ခြင်းမပြုတဲ့ မြို့ရွာတွေကို ပစ်ခတ်တိုက်ခိုက်တာတွေ၊ မီးရှို့ဖျက်ဆီးတာတွေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ လမ်း၊ တံတား၊ ယာဉ်နဲ့ လျှပ်စစ်တာဝါတိုင်တွေကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာတွေ စတဲ့အကြမ်းဖက်လုပ်ရပ်တွေကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြတယ်။ အထူးသဖြင့် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကျင့်သုံးနေတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေဟာ ထာဝရငြိမ်းချမ်းရေးရရှိပြီး ပြည်ထောင်စုနဲ့အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် နယ်တစ်နယ်၊ ဓားတစ်စင်း စစ်ဘုရင်ဝါဒကိုသာ ကျင့်သုံးလိုချင်တာကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်လာနိုင်တဲ့ အခြေအနေတွေဖြစ်ပေါ်ခဲ့ရတယ်**

*စာမျက်နှာ ၃ မှ*

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ်မှာ အခြေခံပြီး နိုင်ငံတော်နဲ့ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်ဖို့ရည်ရွယ်တဲ့ ထာဝရတည်မြဲသော နိုင်ငံရေးပဲဖြစ်တယ်။ တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေးဆိုတာ ပါတီနိုင်ငံရေးမဟုတ်ဘဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့ နိုင်ငံ့အရေးဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ချိန် အစောပိုင်းကာလမှာ ဆူပူဆန္ဒပြမှုတွေသာ ဖြစ်ပေါ်ခဲ့ပေမယ့် အဲဒီအချိန်က လွှတ်တော်ကိုယ်စားလှယ်လောင်းအချို့ဟာ နိုင်ငံရေးကြောင့် ဖြစ်ပေါ်လာတဲ့ပြဿနာကို ဥပဒေနဲ့အညီ ဖြေရှင်းလိုခြင်းမရှိဘဲ လူထုရဲ့စိတ်ခံစားချက်ကိုအသုံးချပြီး အကြမ်းဖက်မှုတွေ ဖြစ်ပေါ်လာအောင် ဆင်ခြင်တုံတရားကင်းမဲ့စွာ သွေးထိုးလှုံ့ဆော်လာခဲ့ကြတယ်။ အဲဒီကမှတစ်ဆင့် NUG၊ CRPH နဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေဖွဲ့စည်းပြီး နိုင်ငံတစ်ဝန်းအကြမ်းဖက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာအောင် လုပ်ဆောင်ခဲ့တာကို တွေ့ရမှာပဲဖြစ်တယ်။ အဲဒါတွေနဲ့အတူ နိုင်ငံတော်အကျိုးကိုမလိုလားတဲ့ ပြည်ဖျက်မီဒီယာတွေဟာလည်း ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းကို ပိုမိုကြီးထွားလာစေဖို့ အထောက်အပံ့မျိုးစုံရယူပြီး မဟုတ်မမှန်သတင်းတွေနဲ့ ဝါဒဖြန့်ချိမှုတွေ လုပ်ဆောင်လာခဲ့ကြတယ်။ အစိုးရအုပ်ချုပ်မှုယန္တရားတွေ ဆက်ပြီးမလည်ပတ်နိုင်စေဖို့နဲ့ ဝန်ထမ်းတွေကို နိုင်ငံတော်နဲ့ပြည်သူအပေါ် သစ္စာမဲ့ကာ စွန့်ခွာသွားစေဖို့ လှုံ့ဆော်တာတွေ လုပ်ဆောင်ခဲ့ကြသလို တစ်ဖက်ကလည်း ခံယူချက်သဘောထားအမြင်ချင်း မတူညီသူတွေ၊ သူတို့ကို မထောက်ခံတဲ့သူတွေကို ဒလန်ခေါင်းစဉ်တပ်ပြီး ရက်ရက်စက်စက် သတ်ဖြတ်ခြင်းဖြင့် ပြည်သူတွေကြားမှာ အကြောက်တရားကြီးစိုးလာအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လာခဲ့ကြတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းနဲ့ရယူဖို့ ပြည်ပအထောက်အပံ့တွေနဲ့အတူ ကြိုးစားလာခဲ့ခြင်းဖြစ်တယ်။

ဒါ့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ဟာလည်း နိုင်ငံအတွင်းဖြစ်ပေါ်လာတဲ့ နိုင်ငံရေးပြဿနာကို အခွင့်ကောင်းယူပြီး PDF အမည်ခံ အကြမ်းဖက်သမားတွေနဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေး ပျက်ပြားအောင် နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်ခဲ့ကြတယ်။ အပြစ်မဲ့ပြည်သူတွေကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာတွေ၊ သူတို့အလိုကျ ပူးပေါင်းဆောင်ရွက်ခြင်းမပြုတဲ့ မြို့ရွာတွေကို ပစ်ခတ်တိုက်ခိုက်တာတွေ၊ မီးရှို့ဖျက်ဆီးတာတွေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ လမ်း၊ တံတား၊ ယာဉ်နဲ့ လျှပ်စစ်တာဝါတိုင်တွေကို

❖ **ဒို့နိုင်ငံမှာ တိုင်းရင်းသားအားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူတွေဖြစ်လို့ အရေးကြုံလာရင် ပူးပေါင်းဆောင်ရွက်လိုတဲ့စိတ်ဓာတ်နဲ့ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း တစ်သားတည်းရှိတယ်ဆိုတဲ့ စိတ်ဓာတ်တွေရှိဖို့ အရေးကြီးဆုံးနဲ့ အလိုအပ်ဆုံးဖြစ်တယ်ဆိုတာပြောကြားလိုတယ်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုတဲ့စကားအတိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားတွေအားလုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားတွေနဲ့အတူ တက်ညီလက်ညီ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မိမိတို့ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မှာဖြစ်ကြောင်း အလေးထားပြောကြားလိုတယ်**

မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာတွေ စတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြတယ်။ အထူးသဖြင့် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကျင့်သုံးနေတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေဟာထာဝရငြိမ်းချမ်းရေးရရှိပြီး ပြည်ထောင်စုနဲ့အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် နယ်တစ်နယ်၊ ဓားတစ်စင်း စစ်ဘုရင်ဝါဒကိုသာ ကျင့်သုံးလိုချင်တာကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်လာနိုင်တဲ့ အခြေအနေတွေ ဖြစ်ပေါ်ခဲ့ရတယ်။

နယ်မြေဒေသအလိုက် အာဏာရရှိဖို့ ကြိုးစားနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ပွဲဖော်ဆောင်လာမှုတွေဟာ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ် ပစ္စည်းဥစ္စာတွေနဲ့ မြို့ရွာတွေ ပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက် ပြည်သူအားလုံးက အလွန်ရွံရှာ စက်ဆုပ်မုန်းတီးနေကြပြီဖြစ်တယ်။ ဒါကြောင့် အပြစ်မဲ့ပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်နေမှုတွေကို လက်မခံနိုင်သလို ဒို့တာဝန်အရေးသုံးပါးကိုထိပါးလာတဲ့ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်တွေကိုလည်း လုံးဝလက်သင့်ခံလို့မရတဲ့အတွက် တပ်မတော်အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့အတူ တရားသောစစ်ကို ဆက်လက်ဆင်နွှဲသွားမှာ ဖြစ်တယ်။

မြန်မာ့သမိုင်းမှာ အကြမ်းဖက်လမ်းစဉ် ကျင့်သုံးပြီး အကျပ်ကိုင်တောင်းဆိုခဲ့တဲ့ ဖြစ်စဉ်တိုင်းမှာ တပ်မတော်အနေနဲ့ အလျှော့ပေးလက်ခံခဲ့တဲ့ အစဉ်အလာမရှိတာကြောင့် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ဖို့နဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ရဲဘော်တို့အနေနဲ့ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားကြဖို့ အလေးထားမှာကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက်လုပ်ဆောင်ရာမှာ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိဖို့လိုအပ်တာကြောင့် ပြည်သူတစ်ဦးချင်းစီနဲ့ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတွေပူးပေါင်းပြီး လုံခြုံရေးအသိရှိရှိ ဆောင်ရွက်နိုင်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်လျက်ရှိတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ လုံခြုံရေးတာဝန်ရှိသူအားလုံးက ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးနဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်တယ်။

ဒါ့အပြင် နိုင်ငံသားတိုင်းဟာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတာနဲ့အညီ သတ်မှတ်ထားတဲ့ အသက်အရွယ်နဲ့အကျုံးဝင်တဲ့ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ခွင့်ရရှိရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်မှာ စတင်အသက်သွင်းခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ ပြည်သူ့စစ်မှုထမ်းတွေဟာ အလွှာပေါင်းစုံက ဝင်ရောက်တာဝန်ထမ်းဆောင်ကြသူတွေဖြစ်ပေမယ့်လည်း အတူစုပေါင်းလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တာကြောင့် အရောင်အသွေးတူ၊ အတွေးအမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်တူညီသူတွေဖြစ်လာပြီးတော့ နောင်တော်တပ်မတော်သားတွေနဲ့အတူလက်တွဲပြီး နိုင်ငံတစ်ဝန်း တာဝန်ကျရာတပ်အသီးသီးမှာ ကိုယ်စီတာဝန်တွေ ထမ်းဆောင်နေကြပြီဖြစ်တယ်။ ဒါကြောင့် တာဝန်သိနိုင်ငံ့သားကောင်းတွေဟာ ပြည်သူ့စစ်မှုထမ်းတွေအဖြစ် ခိုင်မာတဲ့အင်အားစုတစ်ရပ်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်နေကြပြီဖြစ်ကြောင်း ဂုဏ်ယူစွာနဲ့ ပြောကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို ခိုင်မာစွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ နိုင်ငံတော်အစိုးရကချမှတ်ထားတဲ့ နိုင်ငံရေးရည်မှန်းချက်တွေကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ဒို့တပ်မတော်အနေနဲ့ ကျရာကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်တယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် နိုင်ငံသူနိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းတည်ပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့ လိုအပ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်ဟာ အတိတ်သမိုင်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ အရင်းခံဖြစ်ခဲ့သလို အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်တယ်။ ဒို့နိုင်ငံမှာ တိုင်းရင်းသားအားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူတွေဖြစ်လို့ အရေးကြုံလာရင် ပူးပေါင်းဆောင်ရွက်လိုတဲ့စိတ်ဓာတ်နဲ့ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း တစ်သားတည်းရှိတယ်ဆိုတဲ့ စိတ်ဓာတ်တွေရှိဖို့ အရေးကြီးဆုံးနဲ့ အလိုအပ်ဆုံးဖြစ်တယ်ဆိုတာပြောကြားလိုတယ်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုတဲ့စကားအတိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားတွေအားလုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားတွေနဲ့အတူ တက်ညီလက်ညီ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မိမိတို့ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မှာဖြစ်ကြောင်း အလေးထားပြောကြားလိုတယ်။

ဒီလိုတည်ဆောက်နိုင်ဖို့ လုပ်ဆောင်ရာမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အလွန်အရေးကြီးတယ်။ ဒို့တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ရင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်တွေအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်တယ်။ ဒါ့အပြင် လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လမ်းစဉ်တွေကြောင့် နိုင်ငံတော်မှာ ဖြစ်ပေါ်ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကိုထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်နိုင်ဖို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းတွေ၊ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနဲ့ ရွေးကောက်ပွဲလမ်းကြောင်းတွေကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းထားပြီးဖြစ်တယ်။ နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးခြင်းနဲ့သာ အဖြေရှာနိုင်မှာဖြစ်တာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အမြဲတမ်းကြိုဆို လမ်းဖွင့်ထားကြောင်း ထပ်မံအသိပေးပြောကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်တွေ ချမှတ်ဆောင်ရွက်ခဲ့တယ်။ ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အရ လွှတ်လပ်ပြီး တရားမျှတတဲ့ *စာမျက်နှာ ၅ သို့*

✳ **ဒို့တပ်မတော်သားတွေဟာ အများသူငှာလုပ်ဆောင်နိုင်ဖို့ခက်ခဲတဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြရတဲ့သူတွေဖြစ်တာကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိဖို့ အထူးလိုအပ်တယ်။ စိတ်ဓာတ်ကြံ့ခိုင်မှုဆိုတာ အနိုင်မခံ၊ အရှုံးမပေးချင်တဲ့စိတ်ဆန္ဒကနေ ဖြစ်တည်လာတာကြောင့် ရဲဘော်တို့အနေနဲ့ "တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ တပ်မတော်၏အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့် စိတ်ဓာတ်" စတဲ့တပ်မတော်ရဲ့စိတ်ဓာတ်တွေကို လေ့ကျင့်မွေးမြူထားကြရမှာဖြစ်တယ်။ ဒါမှသာ နိုင်ငံတော်နဲ့ တပ်မတော်က ပေးအပ်လာတဲ့တာဝန်တွေကို အသက်ကိုပဓာနမထားဘဲ မဆုတ်မနစ်တဲ့ ဇွဲလုံ့လနဲ့ ကျေပွန်အောင် ထမ်းဆောင်နိုင်မှာဖြစ်တယ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနဲ့ ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ အစိုးရကို နိုင်ငံတော်အာဏာလွှဲအပ်နိုင်ရေး ဦးတည်ထားပြီး ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း ပြန်လည်ကျင်းပပေးဖို့ တစိုက်မတ်မတ် ချမှတ်ထားတယ်။

နိုင်ငံ့တာဝန်ထိန်းသိမ်းပေးနေတဲ့ တပ်မတော်ရဲ့ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ယခုနှစ် ဒီဇင်ဘာလမှာ ရွေးကောက်ပွဲကျင်းပဖို့ ပြင်ဆင်မှုတွေ ဆောင်ရွက်လျက်ရှိရာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ဒေသအလိုက် လုံခြုံရေးအခြေအနေတွေအပေါ် မူတည်ပြီး ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမှာဖြစ်လို့ လိုအပ်တဲ့ပြင်ဆင်မှုတွေကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်။ တစ်နည်းအားဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိဖို့၊ ပြည်သူလူထုရဲ့ စစ်မှန်တဲ့လိုလားချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်စေဖို့နဲ့ ဂုဏ်သိက္ခာရှိတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ ဆောင်ရွက်နေတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ရဲ့ အဓိကတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့အတွက် တပ်တိုင်းရဲဘော်တိုင်းမှာ "စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှု"ဆိုတဲ့ အခြေခံအရည်အချင်း (၅)ပါးနဲ့ ပြည့်စုံဖို့လိုအပ်တယ်။ အဲဒီ အခြေခံအရည်အချင်းတွေနဲ့ပြည့်စုံပြီး အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်ဖြစ်လာစေဖို့အတွက် "လေ့ကျင့်ရေးနှင့် တည်ဆောက်၊ အုပ်ချုပ်ရေးနှင့် တည်ဆောက်၊ သက်သာချောင်ချိရေးနှင့် တည်ဆောက်၊ စိတ်ဓာတ်နှင့်တည်ဆောက်" ဆိုတဲ့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်နဲ့အညီ တည်ဆောက်သွားရမှာဖြစ်တယ်။

တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄) ရပ်ဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်လျက်ရှိပြီး တပ်တွေရဲ့ လေ့ကျင့်မှုတွေမှန်ကန်မယ်၊ အုပ်ချုပ်ထောက်ပံ့မှုတွေကောင်းမွန်မယ်၊ သက်သာချောင်ချိရေးဆောင်ရွက်ပေးမှုတွေ ပြည့်ဝနေမယ်ဆိုရင် တပ်ဖွဲ့ဝင်တွေနဲ့ မိသားစုဝင်တွေရဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေအပေါ် ခင်မင်တွယ်တာမှု၊ တပ်မတော်အပေါ် လေးစားယုံကြည်အားကိုးမှု၊ တပ်မတော်နဲ့ နိုင်ငံတော်အတွက် စွန့်လွှတ်အနစ်နာခံလိုမှု စတဲ့ စိတ်ဓာတ်ကောင်းတွေ ဖြစ်ပေါ်လာမှာပဲဖြစ်တယ်။ အဲဒီလိုစိတ်ဓာတ်ကောင်းတွေနဲ့အတူ စည်းလုံးညီညွတ်မှုနိုင်မာအားကောင်းတဲ့ တပ်ဖွဲ့တစ်ခုကို တည်ဆောက်ထားနိုင်မှသာ နိုင်ငံတော်နဲ့ တပ်မတော်က ပေးအပ်လာတဲ့တာဝန်တွေကို ကျေပွန်စွာ

**❈ ရယူခြင်း၊ ခံစားခြင်းဆိုတာ သက်ရှိသတ္တဝါတိုင်း ပြုမူကြတာဖြစ်ပေမယ့် စွန့်လွှတ်ခြင်းဆိုတာကတော့ မြင့်မြတ်တဲ့ လူသားတချို့သာပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ အဲဒီအမူအကျင့်တွေနဲ့ ပြည့်ဝနေသူတွေဟာ အများတကာ လုပ်ဆောင်ဖို့ခဲယဉ်းတဲ့တာဝန်တွေနဲ့ ရင်ဆိုင်ကြုံတွေ့လာရချိန်မှာ စွန့်လွှတ်စွန့်စားမှုအပြည့်နဲ့ ဆောင်ရွက်ကြသလို နိုင်ငံနဲ့လူမျိုးအတွက် ဘယ်လိုအခက်အခဲကိုမှ အမှုမထားဘဲ မိမိအသက်ခန္ဓာကို စွန့်လွှတ်နိုင်တဲ့အထိ ကြံ့ခိုင်တဲ့စိတ်ဓာတ်၊ ပြောင်မြောက်တဲ့ သူရသတ္တိတွေနဲ့ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်လေ့ရှိကြတယ်**

ထမ်းဆောင်နိုင်မှာဖြစ်လို့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ကို အလေးထားဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ အများသူငှာ လုပ်ဆောင်နိုင်ဖို့ခက်ခဲတဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြရတဲ့သူတွေဖြစ်တာကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိဖို့ အထူးလိုအပ်တယ်။ စိတ်ဓာတ်ကြံ့ခိုင်မှုဆိုတာ အနိုင်မခံ၊ အရှုံးမပေးချင်တဲ့စိတ်ဆန္ဒကနေ ဖြစ်တည်လာတာကြောင့် ရဲဘော်တို့အနေနဲ့ "တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ တပ်မတော်၏ အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့် စိတ်ဓာတ်" စတဲ့ တပ်မတော်ရဲ့စိတ်ဓာတ်တွေကို လေ့ကျင့်မွေးမြူထားကြရမှာဖြစ်တယ်။ ဒါမှသာ နိုင်ငံတော်နဲ့ တပ်မတော်က ပေးအပ်လာတဲ့ တာဝန်တွေကို အသက်ကို ပဓာနမထားဘဲ မဆုတ်မနစ်တဲ့ ဇွဲလုံ့လနဲ့ကျေပွန်အောင် ထမ်းဆောင်နိုင်မှာဖြစ်တယ်။ အဲဒီလိုတာဝန်ထမ်းဆောင်တဲ့အခါမှာ ဒို့တပ်မတော်ဟာ စည်းကမ်းကို အခြေပြုပြီးဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်တာကြောင့် တစ်ဦးချင်းကိုယ်စီ စည်းကမ်းလိုက်နာမှုဟာ အရေးကြီးတယ်။ ဒို့တပ်မတော် ဒီနေ့အချိန်ထိ မယိမ်းမယိုင်ရပ်တည်နိုင်ခြင်းဟာ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကြောင့်ဖြစ်တယ်။ ဒို့တပ်မတော်သားအားလုံးအနေနဲ့ စစ်သည်တော်ကောင်းတစ်ဦးဖြစ်ဖို့ အခြေခံဖြစ်တဲ့ ကျင့်ဝတ် ၆၀ ပါးကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းကြရမှာဖြစ်သလို စစ်မြေပြင် စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေ၊ နယ်ဘက်ဆိုင်ရာ စည်းကမ်းဥပဒေတွေ၊ နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ စစ်ပွဲဆိုင်ရာဥပဒေတွေနဲ့ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE) တွေကိုလည်း တိကျစွာ လိုက်နာကြဖို့ လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ဥပဒေကို လေးစားလိုက်နာတဲ့ စစ်သည်တော်ကောင်းတွေဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြဖို့ အလေးအနက်ထား မှာကြားလိုတယ်။

**ရဲဘော်တို့**

ရယူခြင်း၊ ခံစားခြင်းဆိုတာ သက်ရှိသတ္တဝါတိုင်း ပြုမူကြတာဖြစ်ပေမယ့် စွန့်လွှတ်ခြင်းဆိုတာကတော့ မြင့်မြတ်တဲ့ လူသားတချို့သာပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ အဲဒီအမူအကျင့်တွေနဲ့ ပြည့်ဝနေသူတွေဟာ အများတကာလုပ်ဆောင်ဖို့ ခဲယဉ်းတဲ့တာဝန်တွေနဲ့ ရင်ဆိုင်ကြုံတွေ့လာရချိန်မှာ စွန့်လွှတ်စွန့်စားမှုအပြည့်နဲ့ ဆောင်ရွက်ကြသလို နိုင်ငံနဲ့လူမျိုးအတွက် ဘယ်လိုအခက်အခဲကိုမှ အမှုမထားဘဲ မိမိအသက်ခန္ဓာကို စွန့်လွှတ်နိုင်တဲ့အထိ ကြံ့ခိုင်တဲ့စိတ်ဓာတ်၊ ပြောင်မြောက်တဲ့ သူရသတ္တိတွေနဲ့ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်လေ့ရှိကြတယ်။ ဒါတွေဟာ စစ်သည်တော်ကောင်းတစ်ဦးမှာရှိအပ်တဲ့ အရည်အချင်းတွေဖြစ်ပြီး ဒီလိုခိုင်မာတဲ့ သန္နိဋ္ဌာန်စိတ်ဓာတ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို စွမ်းစွမ်းတမံထမ်းဆောင်ရင်း အသက်ခန္ဓာစွန့်လွှတ်ခဲ့ရတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေအားလုံးကို ပြည်သူ့သားကောင်းအာဇာနည်တွေအဖြစ် အစဉ်အသိအမှတ်ပြု လေးစားဂုဏ်ယူကြောင်း ပြောကြားလိုတယ်။ ဒါ့အပြင် လေးချက်သောသစ္စာကို နေ့စဉ်ရွတ်ဆိုပြီး နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြတဲ့ ရဲဘော်တို့ဟာလည်း အမိနိုင်ငံတော်ရဲ့ မြတ်နိုးတန်ဖိုးထားဖွယ်ရာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်တွေဖြစ်တဲ့-

- ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

စတဲ့ ဦးတည်ချက်တွေနဲ့အညီ ပြည်သူလူထုက ယုံကြည်အားထားရတဲ့ တပ်မတော်သားကောင်းတွေအဖြစ် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်မှတ်တမ်းရေးထိုးသွားကြပါလို့ အလေးအနက်ထားမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။ ။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အား စစ်ရေးပြစစ်ကြောင်းကြီးများက ချီတက်အလေးပြုကြစဉ်။

✪ ရှေ့ဖုံးမှ

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြ စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူကြသည်။

**အနော်ရထာစစ်ကြောင်း**

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ရဲကျော်ကျော်ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် အနော်ရထာစစ်ကြောင်း။

**ကျန်စစ်သားစစ်ကြောင်း**

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံးကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ကျန်စစ်သားစစ်ကြောင်း။

**ဘုရင့်နောင်စစ်ကြောင်း**

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် အောင်အောင်နိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ ပါဝင်သည့် ဘုရင့်နောင်စစ်ကြောင်း။

**အောင်ဇေယျစစ်ကြောင်း**

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်ဟိန်းကြိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ (၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး (ပညာသည်)စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၃)တို့ ပါဝင်သည့် အောင်ဇေယျစစ်ကြောင်း။

**ဆင်ဖြူရှင်စစ်ကြောင်း**

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်ဝင်းထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု အမျိုးသမီး (ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၄)တို့ပါဝင်သည့် ဆင်ဖြူရှင်စစ်ကြောင်း။

**ဗန္ဓုလစစ်ကြောင်း**

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ညီညီဝင်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ လေကြောင်းချီစစ်ရေးပြတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ စစ်ကြောင်းကြီးများအား ကြိုဆိုကာ ဂုဏ်ပြုပန်းကုံးစွပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ် စစ်ကြောင်းကြီးများအား ကြိုဆိုကာ ဂုဏ်ပြုပန်းကုံးစွပ်စဉ်။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

*စာမျက်နှာ ၆ မှ*

**အောင်ဆန်းစစ်ကြောင်း**

စစ်ကြောင်းမှူး ရဲမှူးချုပ် မောင်မောင်ဦး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား)စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၃)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၄)တို့ပါဝင်သည့် အောင်ဆန်းစစ်ကြောင်းတို့က စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ စစ်ရေးပြကွင်းအတွင်းသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

**စစ်ချီတေးများ သံပြိုင်ဟစ်ကြွေးသီဆို**

ထိုသို့ ချီတက်ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။ အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြပြီး စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုချီတက်လာကြပြီး စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

**တက်ရောက်**

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fominနှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin နှင့် အဖွဲ့ဝင်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင်မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့်အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတအစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။

**တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အလေးပြု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။ ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စစ်ရေးပြကွင်းသို့ရောက်ရှိစဉ် MiG–29 ဘက်စုံသုံးတိုက်လေယာဉ်တစ်စင်းက ရှုရပ်ရှေ့တည့်တည့်မှ မီးကျည်များထုတ်လွှတ်၍ အလေးပြုပျံသန်းသည်။

**စစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ– ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာ ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

**မီးကျည်များထုတ်လွှတ်အလေးပြု**

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MTX – 1 A လေယာဉ်တစ်စင်းနှင့် PT–6 လေယာဉ်နှစ်စင်းတို့က ရှုရပ်၏ရှေ့တည့်တည့်သို့ Trail Formation ပုံစံဖြင့်လည်းကောင်း၊ H–125 ရဟတ်ယာဉ်နှစ်စင်းက Trail Formation ပုံစံဖြင့်လည်းကောင်း၊ Bell–206 ရဟတ်ယာဉ်တစ်စင်းက ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ Eurocopter နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှလက်ယာဘက်သို့ပျံသန်း၍လည်းကောင်း၊ H–125 ရဟတ်ယာဉ်နှစ်စင်းက ရှုရပ်၏အရှေ့ဘယ် ၄၅ ဒီဂရီမြင့်ကွင်းမှ

*စာမျက်နှာ ၈ သို့*





**နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**



နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရဟတ်ယာဉ်များက မီးအလှများ တပ်ဆင်၍ ပျံသန်းစဉ်။



MiG-29 ဘက်စုံသုံးတိုက်လေယာဉ်တစ်စင်းက မီးကျည်များထုတ်လွှတ်၍ အလေးပြုပျံသန်းစဉ်။

*စာမျက်နှာ ၇ မှ*

၂၉၅ ဒီဂရီလမ်းကြောင်းအတိုင်း Echelon Formation ပုံစံဖြင့်လည်းကောင်း၊ Bell-206 ရဟတ်ယာဉ်တစ်စင်းက ရှုရပ်၏ရှေ့တည့်တည့်မှ ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ Eurocopter နှစ်စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီမြင်ကွင်းမှ ၀၂၅ ဒီဂရီလမ်းကြောင်းအတိုင်း Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ၂၉၅ ဒီဂရီလမ်းကြောင်းအတိုင်း ပျံသန်း၍လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီမြင်ကွင်းမှ ၀၂၅ ဒီဂရီလမ်းကြောင်းအတိုင်း ပျံသန်း၍လည်းကောင်း၊ATR 72သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းက ရှုရပ်၏ ရှေ့တည့်တည့် တောင်မှမြောက်သို့ ပျံသန်း၍လည်းကောင်း၊ K-8 W တိုက်ခိုက်ရေးလေယာဉ်နှစ်စင်းက ရှုရပ်၏အရှေ့ညာ ၄၅ ဒီဂရီမြင်ကွင်းမှ ၀၂၅ ဒီဂရီလမ်းကြောင်းအတိုင်း Echelon Formation ပုံစံဖြင့်လည်း ကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန်ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်နှစ်စင်းက ရှုရပ်၏အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ၂၉၅ ဒီဂရီလမ်းကြောင်းအတိုင်း Echelon Formation ပုံစံဖြင့်လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားတိုက်လေယာဉ်နှစ်စင်းက ပွဲကြည့်စင်နောက်မှ ရှုရပ်၏ အရှေ့ဘက်သို့ ပျံသန်း၍ Flare မီးကျည်များထုတ်လွှတ်၍လည်းကောင်း အသီးသီးသရုပ်ပြပျံသန်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြကျင်းပသော နေပြည်တော်စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကို လည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်ကြီးကိုလည်းကောင်း ဝင့်ထည်စွာတွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံးအလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့်လွင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပြီး စစ်ကြောင်းကြီးများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့် လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များအသုံးပြု၍ စစ်ကြောင်းကြီးများ၏ ကိုယ်စားပြုအရောင်များအတိုင်း ပြောင်းလဲအလှဆင်၍ လည်းကောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်၌လည်း မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့် မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့် လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တု အောက်ခံ၌ တပ်မတော်အလံ ပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြန်လည်ထွက်ခွာမည့်လမ်းတစ်လျှောက်တွင်လည်း Flag Light Box များ၊ LED Strip Light များဖြင့် အသီးသီး ပုံဖော်အလှဆင်ထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် နှစ်(၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန် - မန္တလေး ကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းရှေ့ရှိ လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များစိုက်ထူကာ စာတန်းများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြု

နေပြည်တော် မတ် ၂၇

**ယနေ့ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်(နေပြည်တော်) ၌ ဂုဏ်ပြုပန်းခြင်းချအလေးပြုခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုပန်းခြင်းချ အလေးပြုသည်။**

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ထွန်းအောင်၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

**အလေးပြု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန် အတွင်းနှင့် ရင်ပြင်တွင် နေရာယူကြကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းချပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် အသက်စွန့်လွှတ် ပေးလှူခဲ့ရသည့် သူရဲကောင်းစစ်သည်များအား အလေးပြုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ သူရဲကောင်းစစ်သည်များအား အလေးပြုစဉ်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန် (နေပြည်တော်) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြပြီး သူရဲကောင်းဗိမာန်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**မှတ်တမ်းတင်ဂုဏ်ပြုထားရှိ**

အဆိုပါ သူရဲကောင်းစစ်သည်ဗိမာန်(နေပြည်တော်) ကို နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်ကို စွန့်လွှတ်ခဲ့ရသည့် မြန်မာသူရဲကောင်းများကို ဂုဏ်ပြုရန်၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်စွာအုပ်ချုပ်ခွင့်ရရှိပြီးသည့်နောက် အသိအမှတ်ပြုဖွယ်ရာ ရဲစွမ်းသတ္တိရှိစွာ ကြိုးစားအားထုတ်မှုများ ပြုလုပ်ရာတွင် အသက်ကိုစွန့်လွှတ်ခဲ့သည့် သူရဲကောင်းများကို ဂုဏ်ပြုရန်၊ ယင်းသူရဲကောင်းများအား နောင်လာနောက်သားများ အမြဲအမှတ်ရနေစေရန်နှင့် မျိုးဆက်သစ်လူငယ်များ၏စိတ်ထဲတွင် နိုင်ငံတော်ကိုချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုသည့်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗိမာန်အတွင်းနံရံများ၌ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရင်း အသက်စွန့်လွှတ်ပေးလှူခဲ့ရသည့် အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူ၊ သီဟသူရဘွဲ့ရရှိခဲ့သူ၊ သူရဘွဲ့ရရှိခဲ့သူ၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့သူများ၏ အမည်များကို ဂရင်းနိုက်ကျောက်ပြားပေါ်၌ ရွှေစာလုံးများဖြင့် ရေးထွင်းမှတ်တမ်းတင်ဂုဏ်ပြုထားရှိကြောင်းနှင့် ဗိမာန်၏ အပြင်ဘက်တွင်လည်း အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူစစ်သည်ငါးဦးနှင့် အရပ်သားတစ်ဦးတို့၏ ပုံတူများကို ဂုဏ်ပြုစိုက်ထူထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု

**နေပြည်တော် မတ် ၂၇**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဖဲယျာသီရိ ဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိ သုဓမ္မမင်းအောင်လှိုင်တက်ရောက် မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူး ဆောင်တံဆိပ်များကို ချီးမြှင့် အပ်နှင်းပေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာ သရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲ ရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးဇေယျ ကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် များနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

ရယူကြမည့် အရာရှိ၊ စစ်သည်များ နှင့် အမွေခံများ တက်ရောက်ကြ သည်။

**စံပြုအတုယူဖွယ် တွေ့မြင်နိုင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြု အမှာစကား ပြောကြားရာတွင် ယနေ့တွင်ကျရောက်သည့် နှစ် (၈၀)ပြည့် တပ်မတော်နေ့ နေ့ထူး နေ့မြတ်အခါသမယတွင် တိုင်းပြည် နှင့်လူမျိုးအကျိုးအတွက် အသက် ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံ သယ်ပိုးခဲ့ကြသူများကို တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူး ဆောင်တံဆိပ်ဖြစ်သည့် သူရဲ ကောင်းမှတ်တမ်းဝင်တံဆိပ်များ ကို ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် သူရဲကောင်းများစွာ ပေါ်ထွက်ခဲ့ သည့် အစဉ်အလာကောင်း သမိုင်း ကြောင်းများရှိသည့် နိုင်ငံတစ်ခု ဖြစ်သည်မှာ အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ရှိနေကြောင်း၊ ရိုးသားခြင်း၊ နှိမ့်ချခြင်း၊ ကိုယ်ချင်း စာတရားထားရှိခြင်းနှင့် မတရားမှု မပြုလုပ်ခြင်းတို့သည် မိမိတို့ လူမျိုး၏ ထူးခြားလေးနက်သည့် သွင်ပြင်လက္ခဏာ တစ်ခုလည်း ဖြစ်ကြောင်း၊ သို့သော်လည်း ကိုယ့်အပေါ် မတရားမှုကျူးလွန် မှုဖြစ်လာခဲ့ပါက ထိုက်သင့်သည့် တုံ့ပြန်မှုများနှင့် ဇာတိပုည ဂုဏ်မာန ရဲဝံ့ထက်သန်မှုရှိသည်ကို အကြိမ်ကြိမ် အခါခါပြသနိုင်ခဲ့ကြ သူများလည်းဖြစ်ကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာကို ထိပါးလာ ချိန်တိုင်း မြန်မာပီပီခေါင်းငုံ့မခံဘူး ဟူသည့် ဇာတိနှင့်အစဉ်အလာကို မြန်မာ့သူရဲကောင်း အဆက်ဆက် က ကမ္ပည်းမော်ကွန်းထိုးခဲ့ကြ သည်ကို စံပြုအတုယူဖွယ် တွေ့မြင်နိုင်ကြောင်း။

*စာမျက်နှာ ၁၁ သို့*

# ပြည်သူများ၏ဘဝ လုံခြုံအေးချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမှ တိုင်းပြည်တစ်ဝန်းလုံးတည်ငြိမ်အေးချမ်းဖွံ့ဖြိုးစေရန် တပ်မတော်က ကြိုးစားဆောင်ရွက်ပေးနေခြင်းများသည် တပ်မတော်၏ စစ်မှန်သည့်သဘောထားနှင့် ရပ်တည်ချက်များဖြစ်

*စာမျက်နှာ ၁၀ မှ*

### ထိုက်သင့်သည့် ဂုဏ်ပြုမှုများ ပြုလုပ်ပေးလျက်ရှိ

မိမိတို့ တပ်မတော်သားများသည် တိုင်းပြည်နှင့် လူမျိုးကို ထိပါးလာသည့် အဖျက်ရန်စွယ်မှန်သမျှကို သူရသတ္တိအပြည့်ဖြင့် ယှဉ်ပြိုင်အနိုင်ယူခဲ့ကြသကဲ့သို့ ပြောင်းလဲတိုးတက်လာသည့် နည်းပညာများကိုလည်း ဆင့်ပွားတီထွင်နိုင်စွမ်းရှိအောင် ကြိုးစားပုံဖော်နိုင်ခဲ့ကြကြောင်း၊ ထို့ကြောင့် ရဲစွမ်းသတ္တိ အရာတွင်သာမက သိပ္ပံနှင့် နည်းပညာနယ်ပယ်များ၌ ထူးချွန်သူများကိုလည်း ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်လျက်ရှိကြောင်း၊ ယနေ့ အခမ်းအနားတွင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ဖြစ်သည့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၂ ဦးကို ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လူမှုရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ၊ အားကစားကဏ္ဍများ အပြင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် နယ်ပယ်အစုံမှ တိုင်းပြည်အကျိုး အားသွန်ခွန်စိုက် သယ်ပိုးနေသူများကို ထိုက်သင့်သည့် ဂုဏ်ပြုမှုများ ပြုလုပ်ပေးလျက်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့် အခြေအနေများအရ တပ်မတော်အနေဖြင့် ယခင်ကထက် လုပ်ငန်းတာဝန်များကို နေ့ညမနားဘဲ ဆတက်ထမ်းပိုး ဆောင်ရွက်နေကြရကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်များအပြင် လေ့ကျင့်ရေးတာဝန်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေရသကဲ့သို့ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အကောင်အထည် ဖော်ရာတွင်လည်း တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်လျက် ရှိကြောင်း၊ ပြည်သူများ၏ဘဝ လုံခြုံအေးချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမှ တိုင်းပြည်တစ်ဝန်းလုံးတည်ငြိမ်အေးချမ်းဖွံ့ဖြိုးစေရန် တပ်မတော်က ကြိုးစားဆောင်ရွက်ပေးနေခြင်းများသည် တပ်မတော်၏ စစ်မှန်သည့်သဘောထားနှင့် ရပ်တည်ချက်များဖြစ်သည်ကို ပြောကြားလိုကြောင်း။

ယနေ့အချိန်တွင် အားလုံးသိထားပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိခြင်းကြောင့် *စာမျက်နှာ ၁၂ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၁၁ မှ*

လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေး တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိုင်းပြည်၏ စစ်မှန်သည့်အင်အားသည် တိုင်းပြည်တွင်းမှာပင် ရှိခြင်းကြောင့် အဆိုပါအင်အားထုကို အကျိုးမဲ့မဖြစ်စေဘဲ၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုး ဝိုင်းဝန်းသယ်ပိုးမှသာ လျှောက်လှမ်းလိုသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ရောက်ရှိမည်ဆိုသည်ကို အားလုံးသတိပြုမိကြရန် လိုအပ်ကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်**

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးခြင်းပင်ဖြစ်ကြောင်း၊ သို့မှသာ အခြေခံလမ်းတံတား အဆောက်အအုံများ ပိုမိုတည်ဆောက်ပေးနိုင်ခြင်း၊ ကုန်စည် ကူးသန်းရောင်းဝယ်မှု ကောင်းမွန်စေခြင်း၊ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍစုံကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းအပြင် အခြားနိုင်ငံများနှင့်လည်း ယုံကြည်စိတ်ချစွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုပြုလုပ်နိုင်မည်ဖြစ်ကြောင်း။

ထိုသို့မဟုတ်ဘဲ ကျဉ်းမြောင်းသည့် လူမျိုးရေးအမြင်ဖြင့် ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်ပြီး အယူဝါဒအရေး၊ လူမျိုးစုအရေး ဆိုသည့် ခေါင်းစဉ်များတပ်ကာ အဖျက်လုပ်ရပ်များ လုပ်ဆောင်နေသမျှ လူများစုဖြစ်သည့် ဒေသခံပြည်သူများ၏ ဘဝများသာ ထိခိုက်နစ်နာရမည်ဖြစ်ကြောင်း၊



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။**

ထိုသို့ ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရန် လိုအပ်သည့်ကာကွယ်မှုများ ပေးရမည်မှာ မိမိတို့တပ်မတော်နှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့ဝင်များ၏ တာဝန်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အားသာချက်ဖြစ်သည့် တည်နေရာပထဝီအနေအထား ကောင်းမွန်ခြင်း၊ မြေပေါ်မြေအောက် သဘာဝသယံဇာတပေါများခြင်း၊ မြေဆီလွှာများ ကောင်းမွန်ခြင်းတို့သည် နိုင်ငံအပေါ် အမြတ်ထုတ်လိုသူများအတွက် အခွင့်ကောင်းများပင်ဖြစ်ကြောင်း၊ အဆိုပါ အခွင့်ကောင်းများကို ကိုယ်ကျိုးအတ္တအတွက် ပုံစံအမျိုးမျိုးဖြင့် ရယူသိမ်းပိုက်လိုသည့် ပြည်တွင်း/ပြည်ပ အဖျက်သမားများ၏ ရန်စွယ်မှန်သမျှမှ ကာကွယ်ထိန်းသိမ်းရင်း အသက်နှင့်ခန္ဓာ စွန့်လွှတ်ခဲ့ရသည့် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်အောက်မေ့ သတိရနေမည်ဖြစ်သည်ကို ထည့်သွင်းပြောကြားလိုကြောင်း။

**ပြည်သူ့သားကောင်း ဇာနည်များဖြစ်**

ယခု အခမ်းအနားမှ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသူများသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရာတွင် တိုင်းပြည်နှင့်လူမျိုးအတွက် အခက်အခဲမှန်သမျှကို အမှုမထားဘဲ အသက်ခန္ဓာ စွန့်လွှတ်ရဲသော ကြံ့ခိုင်သည့်စိတ်ဓာတ်၊ ပြောင်မြောက်သည့် သူရသတ္တိများဖြင့် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့ကြသည့် ပြည်သူ့သားကောင်း ဇာနည်များဖြစ်ကြောင်း၊ မိမိတို့ထမ်းဆောင်ရသည့် တာဝန်များကို ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်၊ သူရဲကောင်းစိတ်ဓာတ်ပြည့်ဝစွာ တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်သဖြင့် အစဉ်အမြဲအမှတ်ရနေမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ယခုကဲ့သို့ ပြည်သူ့သားကောင်း ဇာနည်များ၏ ကောင်းမွန်မြင့်မြတ်သည့် ယုံကြည်ချက် ခံယူချက်ကောင်းများဖြင့် သူရဲကောင်းပီသစွာ ရဲဝံ့စွန့်စားမှုများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း အမွေပေးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြပါဟု တိုက်တွန်း မှာကြားလိုကြောင်း ဖြင့် ပြောကြားသည်။

**ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်ချုပ်တစ်ဦး၊ ဗိုလ်မှူးကြီး သုံးဦး၊ ရဲမှူးချုပ်တစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး နှစ်ဦး၊ ဗိုလ်မှူး သုံးဦး၊ ဗိုလ်မှူး/ဗိုလ်ကြီး နှစ်ဦး၊ ဗိုလ်ကြီး သုံးဦး၊ တပ်ခွဲတပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ်ကြီးနှစ်ဦး၊ တပ်ကြပ်နှစ်ဦး၊ ဒုတိယတပ်ကြပ် နှစ်ဦးတို့အား ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီ တေးဂီတအဖွဲ့က တေးသီချင်း၊ အက၊ အလှများဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများက လွတ်လပ်ရေး မော်ကွန်းဝင် ပုဂ္ဂိုလ်များ၏ ကျန်းမာရေးအခြေအနေများအား တစ်ဦးချင်းမေးမြန်းအားပေးစကား ပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ တစ်ဦးချင်း ဂါရဝပြုချီးမြှင့်ငွေနှင့် အားဖြည့်ဌက်သိုက်များကို ကိုယ်တိုင်ကိုယ်ကျပေးအပ်သည်။

**အတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများအား အတူတကွသုံးဆောင်ခဲ့ကြသည်။

**ပါဝင်ဆောင်ရွက်**

ယခု ၂၀၂၅ ခုနှစ်တွင် ကျရောက်သော နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် ရောက်ရှိနေသည့်လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင် တတိယအဆင့် ဦးအေးသိန်းသည် အသက် ၉၇ နှစ်၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးဘချောသည် အသက် ၉၇ နှစ်နှင့် လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယအဆင့် ဦးကျော်စိန်သည် အသက် ၁၀၀ နှစ်များဖြစ်ကြပြီး ကျန်းမာသန်စွမ်းလျက်ရှိကြောင်းနှင့် ဂျပန်ခေတ်တော်လှန်ရေးများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့မှုများကို ပြန်လည်ပြောပြရင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ကိန်းအောင်းလျက် ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများ အတူတကွ သုံးဆောင်ကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရုရှားအနုပညာအဖွဲ့ ဖျော်ဖြေပွဲသို့ တက်ရောက်

**နေပြည်တော် မတ် ၂၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ A.V. Alexandrov Acadamic Song and Dance Ensemble of the Army အဖွဲ့၏ ဖျော်ဖြေပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၅) ရှိ လေ့ကျင့်ရေး ဇာတ်ရုံ၌ ကျင်းပသည်။

ဖျော်ဖြေပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒေါ်နုမြဇံ၊ ဦးအေးကျော်၊ ဦးရင်မောင်ညွှန့်၊ ဒေါက်တာမျိုးသန့်၊ ဒေါက်တာ အောင်ဇေယျနှင့် ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် 





တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ A.V. Alexandrov Acadamic Song and Dance Ensemble of the Army အနုပညာအဖွဲ့က Song about the Soviet Army၊ It's time to hit the road၊ Dear Long၊ Chardash An instrumental number၊ Fly away on the Wings of the Wind၊ Black Eyes၊ Hay!, Coachman go to the Yard၊ OH! The viburnul is blooming၊ Darkie၊ On a Sunny meadow၊ "Quadrille" A ballet solo number၊ Kamarinskaya၊ Cossacks in Berlin၊ Love, Brother, Love၊ Will I go out on the River၊ Russian Dance၊ I'll go outside ၊ Kalinka၊ လှေကလေးစီးကြမယ် (မြန်မာတေးသီချင်း)၊ Moscow Nights၊ Katyusha စသည့် တေးသီချင်း စုစုပေါင်း အစီအစဉ် ၂၁ ခုကို ရုရှားရိုးရာတူရိယာများ တီးခတ်၍ ဘဲလေးအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အဆိုပါ အနုပညာအဖွဲ့ကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV နှင့်အဖွဲ့ စစ်သမိုင်းပြတိုက်အားလေ့လာ၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၂၇**

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV နှင့်အတူ 





ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရုရှား-မြန်မာ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာသည့် အခြေအနေများ၊ ပြည်သူ့ရေးရာ ကောင်စီအနေဖြင့် ရုရှားတပ်မတော်နှင့် ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လေ့လာရေး ခရီးစဉ်များအဖြစ် နှစ်နိုင်ငံလူငယ်များကို အပြန်အလှန်စေလွှတ်ပေးရေး အခြေအနေများနှင့် မြန်မာနိုင်ငံ၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ပြည်သူ့ရေးရာ ကောင်စီမှ လာရောက်လေ့လာနိုင်သည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ ပြခန်းများအား လေ့လာကြရာ **(ဝဲပုံ)** တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငပုတောမြို့၌ သင်္ဘန်းကုန်း-ကညင်ငူ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ငပုတော မတ် ၂၇**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ငပုတောမြို့နယ် သင်္ဘန်းကုန်းစံပြကျေးရွာရှိ သင်္ဘန်းကုန်း - ကညင်ငူ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ သင်္ဘန်းကုန်းစံပြကျေးရွာသာသနာဝိပုလာကာရီရွှေကျောင်းတိုက်ဆရာတော်သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တ ဉူးစန္ဒာဝရနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ရဲလင်းထွန်း၊ အဖွဲ့ဝင် ဦးသန်းဦးနှင့် တာဝန်ရှိသူများက လမ်းဆိုင်းဘုတ်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



အဆိုပါ ကွန်ကရစ်လမ်းသစ်ကို ဆရာတော် ဘဒ္ဒန္တ ဉူးစန္ဒာဝရက ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် စေတနာရှင်အလှူရှင်များ စုပေါင်း၍ အရှည်ပေ ၃၇၅၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မ၊ တန်ဖိုးငွေကျပ် ၁၀၃၀၉၀၁၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေ့အပူချိန် မြင့်မားခဲ့သော စခန်းများ၏ ၂၇-၃-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၀.၂ | ၁၀၄.၄ |
| ၂။ | မကွေး | ၄၀.၁ | ၁၀၄.၂ |
| ၃။ | ညောင်လေးပင် | ၄၀.၀ | ၁၀၄.၀ |
| ၄။ | တောင်တွင်းကြီး | ၄၀.၀ | ၁၀၄.၀ |
| ၅။ | ကော့ကရိတ် | ၄၀.၀ | ၁၀၄.၀ |
| ၆။ | ရွှေကျင် | ၃၉.၄ | ၁၀၂.၉ |
| ၇။ | မင်းဘူး | ၃၉.၂ | ၁၀၂.၆ |
| ၈။ | မန္တလေး | ၃၉.၀ | ၁၀၂.၂ |
| ၉။ | ကျောက်ဆည် | ၃၉.၀ | ၁၀၂.၂ |
| ၁၀။ | ကျောက်ဆည်(လွန်ကျော်) | ၃၉.၀ | ၁၀၂.၂ |
| ၁၁။ | တောင်ငူ | ၃၉.၀ | ၁၀၂.၂ |

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၇**

နှစ်(၈၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းတက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းအား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ဂုဏ်ပြုဆုများရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အထူးတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ လေအိတ်ပလွေတီးဝိုင်းအဖွဲ့၊ အောင်ဇေယျစစ်ကြောင်း (အမျိုးသမီး)အလံအဖွဲ့၊ မြင်းစီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုရရှိသည့် ဘုရင့်နောင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ အလံအဖွဲ့ အကောင်းဆုံးဆုရရှိသည့် ဘုရင့်နောင်စစ်ကြောင်းအလံအဖွဲ့၊ တပ်မတော် (ကြည်း၊ရေ၊လေ) (အမျိုးသမီး) တပ်ခွဲ တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ အကောင်းဆုံးစခန်း တတိယဆုရရှိသည့် လေကြောင်းချီတပ်ဖွဲ့ ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံးတတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ (၃)၊ စစ်စည်းကမ်းအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၂)၊ စစ်ရေးပြ အကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၁) တို့အား ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး) တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြု (အမျိုးသမီး)



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း စံပြတပ်ခွဲ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

သမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသား)တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၁)၊ တပ်မတော် (ကြည်း၊ရေ၊လေ) (အမျိုးသမီး) တပ်ခွဲ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ စစ်ချီသီချင်း အကောင်းဆုံး ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်း အကောင်းဆုံး ဒုတိယဆုရရှိသည့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြ အကောင်းဆုံး ဒုတိယဆုရရှိသည့် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ ပထမဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) တပ်ခွဲ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား)စစ်ရေးပြ တပ်ခွဲ(၃)၊ တပ်မတော် (ကြည်း၊ရေ၊လေ) (အမျိုးသမီး) တပ်ခွဲ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်း ပထမဆုရရှိသည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံး ပထမဆုရရှိသည့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြ ဂုဏ်ပြုတပ်ခွဲ၊ စစ်စည်းကမ်း အကောင်းဆုံး ပထမဆုရရှိသည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ကို ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများအား ပေးအပ်ချီးမြှင့်သည်။

**ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေပေးအပ်**

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) အုပ်ဖွဲ့ပျံသန်းအဖွဲ့ ဂုဏ်ပြုဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) အုပ်ဖွဲ့ပျံသန်းအဖွဲ့၊ စံပြတပ်ခွဲ တတိယဆုရရှိသည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စံပြတပ်ခွဲ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲများအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပ

**မန္တလေး မတ် ၂၇**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး နန်းမြို့အတွင်းရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်



ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများ၊ ဆရာတော်၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၀၀၀ ကျော်ခန့် တက်ရောက်သည်။

ဆက်လက်၍ နန်းမြို့ကျောက်တိုင် စစ်ရေးပြကွင်း၌ အခမ်းအနားတက်ရောက်လာသူများနှင့် အတူ နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် တိုင်းမှူးက တပ်မတော်နေ့မိန့်ခွန်းပြောကြားခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်ရေးပြတပ်ခွဲဆု၊ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ လက်နက်ငယ်ကျွမ်းကျင်ပြိုင်ပွဲဆုများချီးမြှင့်ခြင်း၊ စစ်သည်များ အဆင့်တိုးမြှင့်ပေးခြင်းအခမ်းအနားကို နန်းမြို့အတွင်းရှိ ရန်အောင်မြင်ခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်ရေးပြတပ်ခွဲဆု၊ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ လက်နက်ငယ်ကျွမ်းကျင်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အဆင့်တိုးရရှိသည့် စစ်သည်များအား ဆုများပေးအပ်ခြင်း၊ အဆင့်တိုးမြှင့်တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အီဂျစ်နိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူနှစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် မတ် ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲ ကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထားတန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ သံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီဂျစ်နိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မဖြူနှင်းဝေနှင့် မမူယုံခမ်းတို့အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် အီဂျစ်အမျိုးသားလုံခြုံရေးဌာန၊ အီဂျစ်လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ၎င်းတို့၏အလုပ်ရှင်တို့ဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မတ် ၂၆ ရက်တွင် အီဂျစ်နိုင်ငံမှ Cairo – Doha – Bangkok – Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ထိုနေ့ ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**



မဖြူနှင်းဝေနှင့် မမူယုံခမ်း။

# နိုင်ငံတော်မှ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၅ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၂၇**

မြန်မာ – တရုတ် – ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၅ ဦးကို မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။



ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ စနစ်တကျဖြစ်စေရေး၊ စာရင်းဇယားအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးနှင့် ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးအစရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၆၇၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၁၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၅၀၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။


အဆိုပါ ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၈၆၇၀ တို့သည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘတ်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ္စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရိုမေးနီးယား၊ ရုရှား၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လုံခြုံရေးကင်းလှည့် RGC ရထားအား လက်နက်ငယ်ဖြင့်ပစ်ခတ်မှုဖြစ်ပွား




ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လုံခြုံရေးကင်းလှည့် RGC ရထားအား လက်နက်ငယ်ဖြင့်ပစ်ခတ်မှုကြောင့် အနောက်ဘက်မှန်ကွဲထိခိုက်မှုအခြေအနေ။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအခြေအနေ။

**နေပြည်တော် မတ် ၂၇**

ယနေ့ဖြူး–တောင်ငူလမ်းပိုင်း လုံခြုံရေးစစ်ဆေးသည့် RGC–125 သည် ညောင်ခြေထောက် ဘူတာမှ နံနက် ၇ နာရီ ၃၆ မိနစ် ထွက်ခွာလာပြီး ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား မိုင် ၁၄၄/၁၀–၁၁ ခန့်အရောက် နံနက် ၇ နာရီ မိနစ် ၅၀ တွင် သံလမ်းအနောက်ဘက် ရန်ကုန်–မန္တလေး ကားလမ်းဘက်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်သဖြင့် RGC 125 စက်ခေါင်း၏ အနောက်ဘက်မှန်တစ်ချပ်ကွဲပြီး အနောက်ဘက်သံပေါင်တွင် ကျည်ထိမှန်ခဲ့ကြောင်းနှင့် အဆိုပါပစ်ခတ်မှုကြောင့် စက်ခေါင်းမောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များ ထိခိုက်မှုမရှိကြောင်း သတင်းရရှိသည်။

ထို့အတူ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်အချိန်တွင် ရန်ကုန်–မန္တလေး ရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲဘူတာအကြား၊ မိုင်တိုင် အမှတ် ၁၄၄/၁၀–၁၁ နေရာရှိ အဆန်ရထားလမ်းပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အဆန်ရထားလမ်းထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းအရ ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲရထားလမ်းပိုင်းကို ကေလမ်းစနစ်အသုံးပြု၍ အစုန်လမ်းမှ နံနက် ၉ နာရီ ၁၈ မိနစ်အချိန်တွင် ရထားများကို ဖြတ်သန်းခွင့်ပြုထားကြောင်း သတင်းရရှိသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အဆန်လမ်းရှိ အနောက်ဘက်သံလမ်း ၁၀ ပေခန့်တွန့်ခေါက်သွားပြီး လမ်းခင်းကျောက်နှင့် ကွန်ကရစ်ဇလီဖားတုံးအချို့ပျက်စီးခဲ့သည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး အဆန်လမ်း၏ သံလမ်းကို လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို ညနေ ၆ နာရီအချိန် အပြီးဆောင်ရွက်နိုင်ခဲ့ကာ အဆန်ရထားလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်၍ ရထားများပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုကို မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း အကြိမ် ၈၀၊ ရထားတံတား/သံလမ်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၁၇၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေး

*ဝ ထ က လ သ(နတလ)*

**အမြစ်မဲ့ အပင်က မသီးမပွင့်နိုင်သလို၊**
**ငြိမ်းချမ်းမှုမဲ့သောမြေ၌ ဖွံ့ဖြိုးမှုမရှိနိုင်။**
**တည်ငြိမ်သော ငြိမ်းချမ်းမှုများကသာ**
**ဖွံ့ဖြိုးရေးသစ်ပင်များ၊ ပန်းခင်းများကို**
**ရှင်သန်ဖူးပွင့် မွေးပျံ့စေနိုင်ပါသည်။**

**ငြိမ်းချမ်းရေးသည်** ဖွံ့ဖြိုးရေးအတွက် **"မြေဆီလွှာ"** ဖြစ်ပါသည်။ ငြိမ်းချမ်းမှုမရှိလျှင် ဖွံ့ဖြိုးရေးသည် အမြစ်တွယ်၍ မရနိုင်ပါ။ စစ်ပွဲများ၊ ပဋိပက္ခများ၊ လုံခြုံရေး မတည်ငြိမ်မှုများသည် ငြိမ်းချမ်းရေးကို ထိခိုက်စေပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းမြှုပ်နှံမှုများ၊ ပညာရေး၊ ကျန်းမာရေးစနစ်များကို နှောင့်ယှက်ဖျက်ဆီးတတ်သည့် တောမီးအလား၊ လေပြင်းမုန်တိုင်းပမာ သဏ္ဌာန်တူပါသည်။

ထို့အတူ **တည်ငြိမ်မှု**သည်လည်း ဖွံ့ဖြိုးရေး၏ **"အုတ်မြစ်"**ဟု ဆိုရပါမည်။ တည်ငြိမ်မှုဆိုသည်မှာ နိုင်ငံရေးတည်ငြိမ်ခြင်း၊ ဥပဒေစိုးမိုးမှုရှိခြင်းတို့ ဖြစ်သည်။ ဤအခြေခံမရှိလျှင်လည်း ဖွံ့ဖြိုးရေး စီမံကိန်းများသည် ရေရှည်မတည်တံ့နိုင်ပါ။ ဥပဒေစိုးမိုးမှုရှိမှသာလျှင် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို ဒေသမရွေး ရဲရဲတင်းတင်း ရင်းနှီးမြှုပ်နှံကြပါလိမ့်မည်။ ပဋိပက္ခဒေသများတွင် မည်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုမျှ တည်ဆောက်ပေးရန် မဖြစ်နိုင်ပါ။ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာ နှောင့်နှေးခဲ့ရသည့် ခိုင်မာသော သာဓကများစွာရှိခဲ့ပါသည်။ ရှိနေဆဲလည်းဖြစ်သည်။

ဒေသတစ်ခု **ဖွံ့ဖြိုးရေး** ဟူသည် ထိုဒေသရှိ လူ့အဖွဲ့အစည်းများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် နည်းပညာဆိုင်ရာ အစိတ်အပိုင်းများကို ဟန်ချက်ညီစွာ မြှင့်တင်ပေးခြင်းပင်ဖြစ်သည်။ အလုပ်အကိုင်ရှားပါးမှု၊ ပညာရည်နိမ့်ပါးမှု၊ ဆင်းရဲမွဲတေမှု၊ လူတန်းစားမညီမျှမှု၊ ဆက်သွယ်ရေးကောင်းမွန်မှုမရှိခြင်းတို့က ပဋိပက္ခများကို ဖြစ်ပေါ်စေပါသည်။ ဖွံ့ဖြိုးမှုမရှိခြင်းသည် ပဋိပက္ခများ၏ အမြစ်တွယ်ရာ အကြောင်းရင်းလည်း ဖြစ်ပါသည်။

ဒေသဖွံ့ဖြိုးရေးသည် ဒေသတည်ငြိမ်မှုအတွက် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည်။ ဒေသတစ်ခုတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လမ်းများ၊ တံတားများ၊ စွမ်းအင်ရရှိရေးလုပ်ငန်းများ၊ ရေပေးဝေရေးလုပ်ငန်းများကဲ့သို့သော အခြေခံအဆောက်အအုံများ (Infrastructure) ကို စနစ်တကျ တည်ဆောက်ချဲ့ထွင်ပေးခြင်းဖြင့် စတင်နိုင်ပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာပါက ဒေသအတွင်း နိုင်ငံသားများအကြား ငြိမ်းချမ်းရေးကိုရရှိစေသည်။ ဆက်လက်၍ ဒေသတည်ငြိမ်မှုကိုလည်း ရရှိလာမည်ဖြစ်ပါသည်။

ထို့ကြောင့် **ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေး**တို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးပြုနေကြပါသည်။ တစ်ခုပျက်လျှင် အားလုံးပျက်သုဉ်းပေလိမ့်မည်။ ဆိုရလျှင် ဖွံ့ဖြိုးရေးသည် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ပြန်လည်အားဖြည့်ပေးနိုင်သော "စွမ်းအင်" ပင်ဖြစ်၏။ ငြိမ်းချမ်းမှုနှင့် ဒေသတွင်း တည်ငြိမ်လာပါကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများသည်လည်း ပိုမိုအောင်မြင်လာပေလိမ့်မည်။ တစ်နည်းအားဖြင့် ဖွံ့ဖြိုးရေးသည် တည်ငြိမ်ရေးကို မြှင့်တင်ပေးကာ ပဋိပက္ခတို့ကိုလည်း လျော့ပါးစေပါသည်။ ၎င်းတို့ကိုအခြေခံကာ နိုင်ငံ၏ စီးပွားရေးသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာပေလိမ့်မည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ

မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများကား အချိန်ကာလ အတော်ကြာမြင့်ခဲ့ပါသည်။ အစိုးရအဆက်ဆက်သည် ငြိမ်းချမ်းရေးကို ဖော်ဆောင်ခဲ့ကြသည်။ အောင်မြင်မှုများလည်း ရရှိခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားသည်များလည်း ရှိခဲ့ပါသည်။

တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ရာ ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ဖွဲ့ပြီးတစ်ဖွဲ့ ငြိမ်းချမ်းရေးရယူနိုင်ခဲ့ရုံသာမက လက်နက်နှင့် ငြိမ်းချမ်းရေးအပြီးတိုင် လဲလှယ်ခဲ့ကြသည့် အဖွဲ့အစည်းများလည်း ရှိခဲ့ပါသည်။

**❂ ပြည်နယ်နှင့် တိုင်းဒေသကြီး အချင်းချင်းအကြားတွင် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းတွင်လည်းကောင်း၊ ကျေးလက်နှင့် မြို့ပြအကြားတွင်လည်းကောင်း လူနေမှုစနစ်ကွာဟနေမှုများကို အတတ်နိုင်ဆုံး လျှော့ချပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးကြရမည်**

**❂ တိုင်းပြည်သာယာဝပြောရေးအတွက် တိုင်းပြည်အေးချမ်းရေး နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုက ပဓာနကျသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်ထောင်စုအကျိုး ရှေးရှုမှုကလည်း အခရာကျ**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) သည် လွယ်လင့်တကူ ဖြစ်ပေါ်လာခြင်းတော့ မဟုတ်ခဲ့။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်သည့်နေ့မှစပြီး NCA စာချုပ်ရရှိသည်အထိ ရက်ပေါင်း ၁၄၅၀ မျှ ကြာမြင့်ခဲ့ပါသည်။ ထိုကာလအတွင်း အစည်းအဝေးများ၊ တွေ့ဆုံညှိနှိုင်းမှုများ စုစုပေါင်းအကြိမ် ၅၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်လက်ဖော်ဆောင်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် "နိုင်ငံတော်ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်စေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟု လုပ်ငန်းစဉ်တစ်ရပ်ချမှတ်ခဲ့ပါသည်။ နိုင်ငံရေးဦးတည်ချက်တွင်လည်း "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး"ဟု ဦးတည်ချက် ချမှတ်ခဲ့ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန (National Solidarity and Peacemaking Center) ၌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီများအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ ငြိမ်းချမ်းရေးသက်ဆိုင်သည့် အခြားအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဤကော်မတီ၏ရည်မှန်းချက်မှာ တိုင်းရင်းသားများနှင့် အတူတကွ နေထိုင်ခြင်း၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်သော နိုင်ငံတော် တည်ဆောက်ရန်ပင်ဖြစ်သည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် မျှတမှု၊ အပြန်အလှန် ယုံကြည်မှုနှင့် မတူကွဲပြားချက်များအပေါ် လေးစားမှုတို့ကို အခြေခံတည်ဆောက်ရပါသည်။

## ငြိမ်းချမ်းရေးမှ ဖွံ့ဖြိုးရေးလမ်းကြောင်းသို့

ဒေသများ ငြိမ်းချမ်းပြီဆိုသည်နှင့် တစ်ပြိုင်တည်း ကပ်ပါလာသည်က ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်ပေးနိုင်ခြင်းပင် ဖြစ်သည်။ မငြိမ်းချမ်းသော နယ်မြေအများစုမှာ နယ်စပ်ဒေသများ၌ ဖြစ်ပါသည်။ ထိုဒေသများ၏ အနာဂတ်ကို ပုံဖော်နိုင်ရန်၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့တွင် နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို အဖွဲ့ဝင် ငါးဦး၊ ၁၉၈၉ ခုနှစ် မေလ ၃၁ ရက်နေ့တွင် နယ်စပ်ဒေသ တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၇ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုဟုဆိုလျှင် ရုပ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ သို့တည်းမဟုတ် အသိဉာဏ်ပိုင်းဆိုင်ရာဖြစ်စဉ်ဟု အကြမ်းဖျင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် ထိုစဉ်က ပန်ဆန်း၊ မိုင်းလား၊ လောက်ကိုင်၊ မိုင်းမော၊ ဝိန်းကောင်ဒေသများတွင် လုပ်ငန်းကော်မတီဝန်ထမ်းများက ဖွံ့ဖြိုးရေးရုံးများဖွင့်လျက် လမ်းပန်းဆက်သွယ်ရေး၊ ပြန်ကြားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသော လုပ်ငန်းများကို အကောင်အထည်ဖော် စတင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ၁၉၉၂ ခုနှစ်အတွင်း **"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"**ကို ဖွဲ့စည်းခဲ့သည်။ ထိုမှတစ်ဆင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ယင်းနောက် **နယ်စပ်ရေးရာဝန်ကြီးဌာန**အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် မြန်မာနိုင်ငံ တစ်နံတစ်လျား နိုင်ငံသားတို့၏ အိပ်မက်များကို လက်တွေ့ဘဝသို့ ပို့ဆောင်ပေးနိုင်ခဲ့ပေပြီ။

ယနေ့အချိန်ကာလတွင် ဖွံ့ဖြိုးရေးရလဒ်များအဖြစ် နယ်စပ်ဒေသတစ်လျှောက် လမ်းတံတားများ၊ ကျန်းမာရေး၊ ပညာရေး စသော အခြေခံအဆောက်အဦများ၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး စသည်ဖြင့် ငြင်း၍မရနိုင်သော အထောက်အထားများစွာက မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများဖွံ့ဖြိုးရေးသမိုင်းကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာ၊ တစ်နည်းအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနများ၏ စွမ်းဆောင်ရည်ကို ဖော်ညွှန်းနေပါသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ ပညာရေးအတွက် ယခင်က စာသင်ကျောင်းမရှိသော နေရာများတွင် စာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ဆရာ ဆရာမများ စေလွှတ်ခြင်း စသည့် လိုအပ်နေသော ပညာရေးကွက်လပ်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

နယ်စပ်ဒေသများ၌ စာသင်ကျောင်း အစောဆုံးဖွင့်လှစ်ပေးနိုင်ခဲ့သည့် မြို့ရွာများမှာ ကိုးကန့်ဒေသတွင် လောက်ကိုင်၊ ချင်းရွှေဟော်၊ ဆီအော၊ ပါစင်ကျော်၊ တာရွှေထန်၊ နမ့်ထော်၊ ကျိုင်းတုံ အရှေ့ဒေသတွင် မိုင်းမ၊ မိုင်းလား၊ ဆန်တောက်၊ ဆီလူး၊ မိုင်းဝ၊ မိုင်းဟဲ၊ ဝမ်စလောင်း၊ ကောင်းလန်...စသည်ဖြင့် များစွာဖွင့်လှစ်ပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန တစ်ခုတည်းမှာပင် အဆင့်မြင့်ပညာကဏ္ဍတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)၊ အခြေခံပညာရပ်များအတွက် လူငယ်သင်တန်းကျောင်း ၄၅ ကျောင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များအတွက် စက်မှုလက်မှုသင်တန်းကျောင်း ကိုးကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်း ၄၆ ကျောင်းတို့ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းရင်းသားတို့၏ လူ့စွမ်းအားအရင်းအမြစ်များကို မြေတောင်မြှောက်ပေးနိုင်ခဲ့ပါသည်။

ထိုဖွံ့ဖြိုးတိုးတက်မှုများသည် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသောကြောင့်၊ တစ်နည်းအားဖြင့် "ငြိမ်းချမ်းရေး"၏ အဓိပ္ပာယ်ကို ပီပီပြင်ပြင်ဖွင့်ဆိုနိုင်သောကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် အသိဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဖြစ်စဉ်များကို စဉ်ဆက်မပြတ် မောင်းနှင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ အခြေခံကား ငြိမ်းချမ်းခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဒေသများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကို ပုံဖော်နိုင်ရန်အတွက် **"ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေး"** ဤသုံးချက်ကို ဟန်ချက်ညီညီ ဆောင်ရွက်ကြရပေသည်။

## ဖွံ့ဖြိုးရေးအတွက် စိန်ခေါ်မှုများ

ထိုသို့ နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများလည်း ရှိခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

# စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် MSME ကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး အထူးအလေးထား ဆောင်ရွက်

**ပဲခူး မတ် ၂၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၅) ကို မတ် ၂၅ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။**(ယာပုံ)**



ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားသည်။ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် MSME ကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိစေရေးနှင့် အသား၊ ငါး၊ ဥ၊ နို့ ဖူလုံပိုလျှံမှုရှိစေရေးလအလိုက် တိုးချဲ့ဆောင်ရွက်သွားရမည့် လမ်းညွှန်ချက်များ ချမှတ်ပေးထားပြီးဖြစ်၍ လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပူပြင်းခြောက်သွေ့သည့် ရာသီရောက်ရှိလာပြီဖြစ်၍ သောက်သုံးရေ ရှားပါးမှုမဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးခြင်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ဖြစ်၍ ကျောင်းသားလူငယ်များအတွက် မြို့နယ်အလိုက် ကွန်ပျူတာသင်တန်းများ၊ အင်္ဂလိပ်စာသင်တန်းများ၊ အနုပညာသင်တန်းများ၊ အားကစားသင်တန်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လာမည့်မိုးရာသီတွင် စိုက်ပျိုးသွားမည့် ကော်ဖီ၊ ကိုကိုးတို့ကို ယခုအချိန်ကတည်းက ပျိုးထောင်ထားရှိခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မြို့နယ်အလိုက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် တက်ရောက်လာသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘာသာ/သာသနာနှင့် ဆက်လက်ကျင်းပသွားမည့် ပွဲတော်များဆိုင်ရာ ကိစ္စရပ်များကို အကြံပြု တင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များနှင့်ပတ်သက်၍ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲမှ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၇**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို မတ် ၂၄ ရက်က နေပြည်တော်ကောင်စီနယ်မြေရှိ လယ်ဝေးခရိုင်နှင့် ပျဉ်းမနားခရိုင်ဥပဒေရုံး၌ ကျင်းပသည်။**(အောက်ပုံ)**

ထပ်ဆင့်ရှင်းလင်းပွဲတွင် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ လမ်းညွှန်ချက်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်နော်သန်းသန်းငြိမ်းက ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာများ တင်ပြရာ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်း ၇၃ ဦး တက်ရောက်ကြကြောင်း သိရသည်။

**JJJ**





## ကျိုင်းတုံမြို့နယ် ကဲရွှေ-နမ့်နီ-နမ့်ကဲ-ရှဲန်ထနူး ကျေးရွာချင်းဆက်လမ်း မြေလမ်းတာချဲ့ခြင်း ရာနှုန်းပြည့်ပြီးစီး

**ကျိုင်းတုံ မတ် ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၁၈ ဒသမ ၆၆၈ သန်းဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာအုပ်စု နယ်စပ်မှ နမ့်နီ/နမ့်လုံကျေးရွာအုပ်စု နမ့်ခမ်း-ဝမ်ကောင်း-ကဲရွှေ- နမ့်နီ-နမ့်ကဲ-ရှဲန်ထနူး ကျေးရွာ ကျေးရွာချင်းဆက်လမ်း ၄/၀ မိုင် မြေလမ်းတာချဲ့ခြင်းနှင့် ၅ ပေ Box Cuvert ၁၀ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မတ် ၂၇ ရက်က ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသအတွင်းရှိ ထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်ကာ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက် ကောင်းမွန်လာမည်ကြောင်း သိရသည်။

**အောင်ဇင်မြင့်**
**(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

**လုံခြုံရေးဆိုင်ရာစိန်ခေါ်မှု**ဖြစ်သော နယ်စပ်ဒေသများ၏ လက်နက်ကိုင်ပဋိပက္ခများ (Conflicts) ကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများ မလုံခြုံခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ နှောင့်နှေးခြင်း၊ ရပ်ဆိုင်းရခြင်း၊ စီမံကိန်းဖျက်သိမ်းရခြင်းများလည်း ရှိသည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှု**များ အနေဖြင့် နယ်စပ်ဒေသများ၏ သဘာဝသည် (Remote Locations) မြို့ကြီးများနှင့် ဝေးကွာသည့် တောင်တန်းဒေသများ၊ ရာသီဥတုနှင့် ဆက်သွယ်ရေး ကန့်သတ်ချက်ရှိသည့် နယ်စပ်ဒေသများဖြစ်ကြသည်။ ထို့ကြောင့် လုပ်ငန်းခွင်သို့ တည်ဆောက်ရေးပစ္စည်းများ အချိန်မီရောက်ရှိရန် ခက်ခဲခြင်း၊ သဘာဝတောတောင်များကြောင့် သတ်မှတ်ပုံစံအတိုင်း အကောင်အထည်ဖော်ပေးရန်ခက်ခဲခြင်းနှင့် မြေပြို/ တောင်ပြိုခြင်း၊ မြစ်ရေလွှမ်းမိုးခြင်း စသည့် သဘာဝဘေးအန္တရာယ်များ (Natural Disasters) များကိုလည်း နှစ်စဉ်ကြုံတွေ့ရပါသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုံခြုံရေးမကောင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံရသည့်ပမာဏ ပိုမိုကြီးမားခြင်း၊ ဒေသခံအလုပ်သမား ရှားပါးခြင်းတို့သည်လည်း **စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စိန်ခေါ်မှု**များပင်ဖြစ်သည်။

ထို့အပြင် ဒေသအလိုက် ဘာသာစကား၊ ကိုးကွယ်မှုဆိုင်ရာ၊ ယဉ်ကျေးမှုများကွဲပြားမှု၊ တူညီမှုမရှိခြင်း(Ethnic Diversity)တို့သည်လည်း **“လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ” စိန်ခေါ်မှု**များ ဖြစ်ပါသည်။

ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ဒေသခံများ၏ လိုအပ်ချက်ကို နားထောင်လျက် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရပါသည်။ ဒေသခံများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ ဒေသခံများပါဝင်မှုမရှိဘဲ စီမံကိန်းများ ရေရှည်တည်တံ့နိုင်မည်မဟုတ်ပါ။ ဒေသခံများ၏ ပူးပေါင်းပါဝင်မှုသည် ဖွံ့ဖြိုးရေးအောင်မြင်မှု၏ အဓိကသော့ချက်ဖြစ်ပါသည်။ ထို့ကြောင့် ဒေသခံများ၏ ပူးပေါင်းမှု (Community Participation) သည် အလွန်အရေးပါလှပါသည်။

**တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး**

ပြည်ထောင်စု၏အဓိပ္ပာယ်သည် အလွန်လေးနက်လှပါသည်။ တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာ တိုင်း/ပြည်နယ်များ၊ ဒေသများက နိုင်ငံတော်ကြီး၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ပါသည်။ ထိုတိုင်း/ပြည်နယ်၊ ဒေသများတွင်ရှိသော တိုင်းရင်းသားများကလည်း အခြားသော တိုင်းရင်းသားများရှိရာ တိုင်း/ပြည်နယ်၊ ဒေသများသို့ သွားရောက်အခြေချပြီး လွတ်လပ်စွာ နေထိုင်လျက်ရှိကြသည်။ ထိုမှတစ်ဆင့် သွေးချင်းလည်း ပိုမိုနီးစပ်သွားရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအချင်းချင်း အကြားတွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းတွင် လည်းကောင်း၊ ကျေးလက်နှင့် မြို့ပြအကြားတွင် လည်းကောင်း လူနေမှုစနစ်ကွာဟနေမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် တိုင်းပြည်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွင် တိုင်းရင်းသားပြည်သူများ၏ပူးပေါင်းပါဝင်မှုက ပဓာနကျသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်ထောင်စုအကျိုးရှေးရှုမှုကလည်း အခရာကျပါသည်။

ပြည်တွင်း ပြည်ပ အဖျက်အမှောင့်၊ အနှောင့်အယှက်များစွာတို့က မငြိမ်းသည့်မီးသဖွယ် အရှိန်ပြင်းပြင်း တောက်လောင်၍လည်းကောင်း၊ တအုံနွေးနွေး လောင်ကျွမ်း၍လည်းကောင်း ခေတ်တိုင်းခေတ်တိုင်းမှာ ပြည်ထောင်စုကြီး တစ်စစီပြိုကွဲသွားနိုင်လောက်သည်အထိ အန္တရာယ်အမျိုးမျိုး ပြုခဲ့ကြပါသည်။ လက်ရှိကာလ၌လည်း တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ခိုင်ခိုင်မြဲမြဲလက်ချင်းတွဲလျက် ပြည်ထောင်စုကြီးကို ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးတို့ဖြင့် ကာကွယ်စောင့်ရှောက်ကြရဦးမည်ဖြစ်ပါသည်။

**ဟန်ချက်ညီညီလက်တွဲ**
**နိုင်ငံတော်သည် “သစ်ပင်”**
**ငြိမ်းချမ်းမှုသည် “ရေကြည်”**
**တည်ငြိမ်မှုသည် “မြေကြီး”**
**ဖွံ့ဖြိုးရေးသည်“သစ်ပင်၏ အသီးအပွင့်”...။ ။**

ဖွံ့ဖြိုးရေးသည် မပြီးဆုံးနိုင်သော ခရီးတစ်ခုဖြစ်သည်။ ယနေ့အားထုတ်မှုတိုင်းသည် မနက်ဖြန်အတွက် မျိုးစေ့ချခြင်းပင်။

ငြိမ်းချမ်းခြင်း၊ မငြိမ်းချမ်းခြင်း၊ အဖျက်လုပ်ငန်းထူပြောခြင်း၊ မထူပြောခြင်းအပေါ် မူတည်ပြီး ဒေသများဖွံ့ဖြိုးတိုးတက်မှု အနိမ့်၊ အမြင့်၊ အနှေး၊ အမြန် ကွာဟချက်ရှိကောင်းရှိနိုင်ပါသည်။ ဒေသအားလုံးဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဟန်ချက်ညီညီ လက်တွဲမှုဖြင့်သာ ကြယ်စုတန်းများကဲ့သို့ လင်းလက်တောက်ပလာနိုင်ပါမည်။

ငြိမ်းချမ်းရေးမရှိလျှင် နိုင်ငံတော်တည်ဆောက်ရေး (State Building)၊ တိုင်းပြည်တည်ဆောက်ရေး (Nation Building) တို့ကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ခြင်း မရှိနိုင်ပါ။ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ကာ တရားဥပဒေစိုးမိုးသော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် ပြည်ထောင်စုတိုင်းရင်းသား အားလုံးအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပါဝင်ကာ လက်တွဲပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မိမိအစီအစဉ် ကျွမ်းကျင်မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁။ | ကျွမ်းကျင်အလုပ်သမားများမှ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - အလုပ်သမားများမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် စာတိုက်၊ အမြန်ချော၊ ကိုယ်စားလှယ် သို့မဟုတ် လူကိုယ်တိုင် စသည့်နည်းလမ်းများဖြင့် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြခြင်း၊<br>(၁) Offer Letter (or) Demand Letter (မိတ္တူ)<br>(၂) ပြည်ဝင်ခွင့်အလုပ်ဗီဇာ (မိတ္တူ) (စင်ကာပူနိုင်ငံသို့ဖြစ်လျှင် လစာ ၁၂၀၀ အထက် IPA Letter၊ သို့မဟုတ် S Pass IPA Letter မိတ္တူ၊ ဂျပန်နိုင်ငံသို့ဖြစ်လျှင် ကျွမ်းကျင် Visa မိတ္တူ)<br>(၃) အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ် (EC) မိတ္တူ<br>(၄) နိုင်ငံကူးလက်မှတ်မိတ္တူ<br>(၅) ဘွဲ့လက်မှတ်၊ သို့မဟုတ် ကျွမ်းကျင်မှုနယ်ပယ်အလိုက် အသိအမှတ်ပြုလက်မှတ်မိတ္တူ<br>(၆) မိဘအုပ်ထိန်းသူ၏ ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်နှင့် ရဲစခန်းထောက်ခံချက် | မြန်မာလုပ်သား |
| ၂။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်း | - မှတ်ပုံတင်ထားသည့် ဦးစားပေးအဆင့်အတိုင်း ရက်သတ္တပတ် တစ်ပတ်စာအတွက် အပတ်စဉ် တနင်္လာနေ့တိုင်း အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာန |
| ၃။ | ခွင့်ပြုချက်ရရှိပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းကျောင်းသို့ အကြောင်းကြားခြင်းနှင့် ကြေညာပေးခြင်း | - အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ခွင့်ပြုပါက သင်တန်းတက်ရောက်မည့် အမည်စာရင်းကို ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကျောင်းသို့ အကြောင်းကြား၍ Safe Migration Telegram Channel တွင် ကြေညာပေးခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၄။ | သင်တန်းကျောင်းတာဝန်ခံမှ သင်တန်းတက်ရောက်ပြီးသည့် စာရင်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - အလုပ်သမားများမှ သတ်မှတ်ရက်တွင် လမ်းညွှန်သင်တန်း တက်ရောက်ခြင်း(တစ်ရက်သာ)နှင့် သင်တန်းတက်ရောက်ပြီးစီးမှုစာရင်းကို သင်တန်းကျောင်းမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၅။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ပြီးသူများကို OWIC ပြုလုပ်ခွင့်ပြုခြင်း | - သင်တန်းကျောင်းမှတင်ပြလာသည့်စာရင်းကို ဦးစီးဌာနမှ စိစစ်၍ OWIC ပြုလုပ်ခွင့်ပြုကြောင်း OWIC ထုတ်ပေးရေးတာဝန်ခံသို့ အကြောင်းကြားခြင်းနှင့် Safe Migration Telegram Channel တွင် ကြေညာပေးခြင်း၊<br>- OWIC တာဝန်ခံအရာရှိမှ အောက်ပါကတိပြု ဝန်ခံချက်မူရင်းနှင့်အတူ OWIC ကတ်ထုတ်ပေးခြင်း-<br>(၁) စစ်မှုထမ်းဆောင်ရန်ဆင့်ခေါ်ခြင်း ခံရပါက ပြန်လာမည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊<br>(၂) ဝင်ငွေခွန် ၂ % ကို ပေးဆောင်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊<br>(၃) မိသားစုလွှဲပို့ငွေ ၂၅ % တရားဝင်ငွေလွှဲစနစ်ဖြင့် လွှဲပို့မည်ဖြစ်ကြောင်း ကတိခံဝန်ချက်၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊<br><br>မြန်မာလုပ်သား |
| ၆။ | ပြည်ပထွက်ခွာခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - မြန်မာလုပ်သားအနေဖြင့် OWIC ရရှိ၍ လေယာဉ်လက်မှတ်ဝယ်ယူပြီးပါက အောက်ပါစာရွက်စာတမ်းများဖြင့် migrantdeparture@gmail.com သို့ ပြည်ပထွက်ခွာခွင့်ကို အနည်းဆုံးရုံးပိတ်ရက် (မပါ) ၅ ရက် ကြိုတင်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လျှောက်ထားခြင်း-<br>(၁) အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍ ပြည်ပထွက်ခွာခွင့်ပြုရန် လျှောက်ထားသည့်စာ၊<br>(၂) နိုင်ငံကူးလက်မှတ်မိတ္တူ (ဓာတ်ပုံပါစာမျက်နှာနှင့် နေထိုင်ခွင့်သက်တမ်းစာမျက်နှာ)<br>(၃) သက်တမ်းရှိနေသည့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) ရှေ့/နောက် မိတ္တူ၊<br>(၄) လေယာဉ်လက်မှတ်မိတ္တူ၊ | မြန်မာလုပ်သား |
| ၇။ | အလုပ်သမားညွှန်ကြားရေးမှ စိစစ်ခွင့်ပြုခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ပြည်ပထွက်ခွာခွင့်ပြုသည့်စာရင်းကို လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်းနှင့် Safe Migration Telegram Channel တွင် ကြေညာခြင်း၊<br>- သတ်မှတ်ထားသည့် နေ့ရက်အတွင်း ပြည်ပသို့ထွက်ခွာခြင်းမရှိပါက ပြည်ပထွက်ခွာခွင့် တင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၈။ | ပြည်ပထွက်ခွာစာရင်းကို သတင်းပို့ခြင်း | - လေဆိပ်တာဝန်ခံမှ ပြည်ပထွက်ခွာသည့် အလုပ်သမားစာရင်းကို သတ်မှတ်ဇယားပုံစံအတိုင်း စာရင်းပြုစု၍ Excel Soft Copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ နေ့စဉ် တင်ပြခြင်း၊ | လေဆိပ်တာဝန်ခံအရာရှိ |
| ၉။ | ပြန်လည်ဝင်ရောက်မှု သတင်းပို့ခြင်း | - အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည် ရောက်ရှိလာပါက ရောက်ရှိသည့် အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ migrantarrival@gmail.com သို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြခြင်း။ | မြန်မာလုပ်သား |

**မှတ်ချက်။**

(၁) မိမိအစီအစဉ်အနေဖြင့် ကျွမ်းကျင်အလုပ်သမားအဖြစ် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် လျှောက်ထားလာမှုများကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှစတင်၍ စိစစ်လက်ခံသွားမည်ဖြစ်ပါသည်။

(၂) မိမိအစီအစဉ်အနေဖြင့် ကျွမ်းကျင်အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် OWIC ပြုလုပ်ခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လျှောက်ထားပြီးသည့်စာရင်းများကို မှတ်ပုံတင်ထားသည့် ဦးစားပေးအဆင့်အတိုင်း ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှစတင်၍ စိစစ်ခွင့်ပြုမည်ဖြစ်ပါသည်။

## မတည်ငွေရင်းလျှော့ချခြင်း

ကျွန်ုပ်တို့ CHAN LAN Co.,Ltd.၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ မတည်ငွေရင်း ကျပ်သိန်း (၂၀၀၀)အား ကျပ်သိန်း(၁၀၀)သို့ လျှော့ချသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**CHAN LAN Co.,Ltd.**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၇၊ ဦးပိုင်အမှတ် ၁၀၃/၆၇x၆၈ကြား၊ ၁၁၆x၁၁၇ကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးမြကြည်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၆၂၂၀/၂၀၁၁)ဖြင့် အမွေဆက်ခံခဲ့သော ဇနီး ဒေါ်ကြည်မြင့် (ခ)မအေး အေးမြင့် ၉/မရမ(နိုင်) ၀၂၉၇၄၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၅၇/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းခမ်းလူ ၁၃/လရန(နိုင်) ၀၁၉၇၄၁က တောဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ် ၆၁၇၊ ဦးပိုင်အမှတ် ၄၈/၂၈x၂၉ ကြား၊ ၇၇ လမ်းရှိ ဂရန်မြေကွက်အား အမည်ပေါက်သူခင်ပွန်း ဦးမျိုးခင်(ခ)ဦးကျောက်ခဲကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်ဝင်းတင့် ၉/မရမ(နိုင်)၀၅၈၈၁၄က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ် ဆ-၃၊ ဦးပိုင်အမှတ် ၆၀/၆၉x၇၀ကြား၊ ၁၀၇x၁၀၈ကြားရှိ ဂရန်မြေကွက် အားအမည်ပေါက်သူ ခင်ပွန်း ဦးဇော်ဝင်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်စန်းစန်းဝင်း ၁၂/ဥကမ(နိုင်) ၁၇၆၀၀၃က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်ခဲစင်းတောင်ဘက်ခြမ်းအား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၅၊ ဦးပိုင်အမှတ် ၆၃-က/၅၅x၅၆ ကြား၊ ၁၀၅x၁၀၆ ကြားရှိ ဦးကျော်ရှင်အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးကျော်ရှင်၊ မိခင် ဒေါ်ခင်ညွန့်တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးသန်းထွန်း ၉/မနတ(နိုင်)၀၁၇၁၁၅၊ ဒေါ်တင်တင်ဝေ ၉/မနတ(နိုင်)၀၂၇၃၈၆၊ ဦးမောင်မောင်နိုင်(ခ)ဦးမောင်နိုင် ၉/မနတ(နိုင်)၀၂၇၆၂၉တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၆၊ ဦးပိုင်အမှတ် ၆၄/၆၅x၆၆ လမ်းကြား၊ ၁၃၄x၁၃၅ ကြားရှိ တောဂရန်မြေကွက်အား၊ အမည်ပေါက်သူ ခင်ပွန်း ဦးသာထွန်းအောင် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်မူကြည် ၉/မရတ(နိုင်)၀၅၅၅၈၄က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၈၊ ဦးပိုင်အမှတ် ၁ ၏ ခဲစင်းအနောက်ဘက်ခြမ်း၊ ၆၃x၆၄ကြား၊ ၁၃၄x၁၃၅ ကြားရှိ တောဂရန်မြေကွက်အား၊ အမည်ပေါက်သူ ခင်ပွန်း ဦးခင်မောင်သိန်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၉၄၂/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီး ဒေါ်ခင်ဆွေဦး ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၅၃၆/၂၀၂၁)ဖြင့်ဝယ်ယူခဲ့သော ဒေါ်လှလှမြင့် (အပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သူညီမများဖြစ်ကြသော ဒေါ်စောမာလာစိုး ၉/ဝတန(နိုင်) ၁၀၆၀၂၇၊ ဒေါ်မြင့်မြတ်သူ ၉/ဝတန(နိုင်) ၁၀၆၀၃၃တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/အလောင်းစည်သူ၊ ဦးပိုင်အမှတ် (၁၆၀)၊ ဧရိယာ (၀.၁၂၅)ဧကအား ဒေါ်ဇာခြည်ထွေး (ဘ)ဦးညွန့်ရှိန် ၉/ပမန(နိုင်)၁၆၆၉၈၅မှ တပ်ကုန်းမြို့နယ်မြေစာရင်း ဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၆၈၀/၂၀၂၅)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့် တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ ရပ်ကွက်၊ အကွက်အမှတ် ပပ-၅၊ ဦးပိုင်အမှတ် ၆၆/၆၆x၆၇ကြား၊ ယောxသခင်ဖိုးလှကြီးလမ်းကြားရှိ ဒေါ်ခင်မမအမည်ပေါက် တောဂရန် မြေကွက်အား၊ တရားလို ဦးဇော်လင်းမြင့်က တရားပြိုင် ဒေါ်ခင်မမ အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၆၂/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးဇော်လင်းမြင့် ၉/မရတ(နိုင်) ၁၁၂၅၁၇က တောဂရန်၊တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် (၇၉၉)၊ ဦးပိုင်အမှတ် (၁၂)၊ ၂၆x၂၇ လမ်းကြား၊ ၆၂x၆၃ လမ်းကြားရှိ မောင်တရုပ်၊ မလေးအမည်ပေါက် ဘိုးဘမြေကွက်အား (အဘိုး) မောင်တရုပ် (အဘွား) မလေး(ဖခင်) ဦးစံဦး (မိခင်) ဒေါ်စု(သား) ဦးလေးမောင် (လူပျိုကြီးဘဝ)၊ (သမီး) ဒေါ်ဝက် (ခင်ပွန်း) ဦးသန်းမြင့်တို့အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၁၂/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်တင်တင် ၉/မရမ(နိုင်)၀၄၄၈၂၆၊ ဒေါ်မာမာမြင့် ၉/မရမ(နိုင်)၀၄၄၉၀၅၊ ဒေါ်အေးအေးမြင့် ၉/ခအဇ(နိုင်)၀၃၂၂၀၃၊ ဒေါ်ချိုချိုမြင့် ၉/မရမ(နိုင်)၀၄၅၄၀၄တို့က အမှုတွဲအမှတ် ၀၈၄၂/ဘ(ပြောင်း)/ ၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ဇေယျာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၇) ရွာတောင်အရှေ့)၊ မြေကွက်အမှတ်(က/၁၁၈)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေသည် ဦးမျိုးဝင်း အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ် RP No. ၁၀၈ of 1995 (30 Years) မြေငှားဂရန်သက်တမ်းမှာ (၁-၁- ၁၉၉၅) မှ (၁-၁-၂၀၂၅) ရက်ထိဖြစ်ကြောင်း၊ (၄-၂-၂၀၀၃)ရက်နေ့တွင် ဦးမျိုးဝင်း(ဘ) ဦးစိုးမြင့်(NBN-၁၆၆၂၁၁)မှ ဦးဇော်ဝင်းအောင်(ဘ)ဦးအောင်ငွေ (၅/မမတ(နိုင်)၀၁၂၆၉၆) သို့ အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပြီး အဆိုပါမြေကွက်အား (၅-၁၂-၂၀၂၄) ရက်တွင် ဦးမျိုးဝင်း မှ(အထူးကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးဇော်ဝင်းအောင် မှ လက်မှတ်ရေးထိုးသည်) ဒေါ်နွယ်နွယ်အေး (ဘ)ဦးရွှေမောင်(၇/ကဝန(နိုင်) ၀၀၀၈၂၁) သို့ မြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင် ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နွယ်နွယ်အေး အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/ သက်တမ်းတိုးလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ကန့်ကွက်လိုသူမည်သူမဆိုယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှတင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၇/ ရွာထောင်အရှေ့ကွင်း)၊ မြေကွက်အမှတ်(ဂ/၁၃)၊ မြေဧရိယာ(၀.၀၈၃)ဧကရှိ မြေသည် ဦးသိန်းဖေ အမည်ဖြင့် RP No. 509/IV of 1990-91 ဖြင့်နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး မြေငှားဂရန်သက်တမ်းမှာ ( ၁-၁-၁၉၉၀)မှ (၁-၁-၂၀၂၀)အထိ ဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန် အား အရပ်ကတိစာချုပ်များဖြင့် ချုပ်ဆိုဝယ်ယူခဲ့ကြပြီး(၂၅-၉-၂၀၂၄)ရက်တွင် ဦးမြင့်ဝေမှ ၂၀၁၇ ခုနှစ်ကဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်လျက်ရှိသည်မှာ မှန်ကန်ကြောင်း စစ်ကိုင်းမြို့နယ် တရားရုံးတွင် ကျမ်းကျိန်ဆိုခဲ့၍ (၂-၁၀-၂၀၂၄)ရက်တွင် ဦးမြင့်ဝေ (ဘ) ဦးသိန်းမောင် (၅/ကလန(နိုင်)၀၂၄၀၇၁) မှ ဦးဘိုဘိုလင်း (ဘ) ဦးသိန်းမောင်(၅/ကလန(နိုင်)၀၃၃၈၄၈)သို့ မြေကွက် အရောင်းအဝယ်စာချုပ်ဖြင့်ချုပ်ဆိုရောင်းချပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ ဦးဘိုဘိုလင်း အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/ သက်တမ်းတိုး လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၂၅)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဥမ္မာထွန်း ၉/ပဥလ(ညဲ့) ၀၀၀၀၄၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(က) ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၁/၆+၂၈၃)၊ မြေဧရိယာ(၀ဒသမ၁၀၄)ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၈၈/၂၀၂၂-၂၀၂၃ အရ ဦးလှသန်း အမည်ဖြင့် ရရှိခဲ့ပြီး ဦးလှသန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၅/၂၀၂၅)ဖြင့် ဦးဘုန်းမြင့်၊ ဒေါ်ဖြူဖြူဆန်းတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးဘုန်းမြင့် ၁၂/ကမရ(နိုင်) ၀၃၆၀၅၈၊ ဒေါ်ဖြူဖြူဆန်း ၁၂/သဃက (နိုင်) ၀၁၁၅၅၁တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ကော်လီတွေ်ာအရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(ခ) ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်ခ/၆/(က)၊ မြေဧရိယာ(၀ဒသမ၀၄၅)ဧကအား မြေငှား ဂရန်အမှုတွဲအမှတ် ၃၁/၂၀၀၉-၂၀၁၀ အရ ဦးစိုက်ရာ အမည်ဖြင့် ရရှိခဲ့ပြီး ဦးစိုက်ရာထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄/၂၀၂၅)ဖြင့် ဦးဝင်းလွင်မှ ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးဝင်းလွင် ၁၂/လမတ(နိုင်)၀၁၄၉၆၂မှ ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွေ်ာအရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့ ၊ ပတ္တမြားရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၇၈၄/ လင်မလို ရွှေကူကွင်း)၊ မြေကွက်အမှတ် (က/၁၂၄)၊ မြေဧရိယာ(၀.၀၅၅) ဧကရှိမြေသည် ဦးဇော်မင်းအမည်ဖြင့် RP NO.၁၀၂ of 1998 ဖြင့်နှစ်(၃၀) မြေငှားဂရန် ရရှိထားပြီး မြေငှားဂရန်သက်တမ်းမှာ (၁၁-၉- ၁၉၉၈)မှ (၁၀-၉-၂၀၂၈)အထိဖြစ်ပါသည်။ အဆိုပါမြေငှားဂရန်အား အရပ်ကတိစာချုပ်များဖြင့် ချုပ်ဆိုဝယ်ယူခဲ့ကြပြီး(၁၄-၁၀-၂၀၂၄)ရက်တွင် ဦးမြင့်သူမှလွန်ခဲ့သော(၁၀) နှစ်ခန့်က ဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်လျက်ရှိသည်မှာ မှန်ကန်ကြောင်း စစ်ကိုင်းမြို့နယ်တရားရုံးတွင်ကျမ်းကျိန်ဆိုခဲ့၍ (၉-၉-၂၀၂၄)ရက်တွင် ဦးမြင့်သူ(ဘ) ဦးစောမောင်(၅/စကန(နိုင်)၀၁၆၂၈၅)မှ ဦးမောင်မောင် (ဘ)ဦးမော်ဟန်ရင်(၉/မရမ(နိုင်)၀၀၀၂၀၃)သို့မြေကွက် အရောင်းအဝယ်စာချုပ်ဖြင့်ချုပ်ဆိုရောင်းချပြီး စစ်ကိုင်းမြို့ နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ ဦးမောင်မောင် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း စစ်ကိုင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ် ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၄၃/ကလွင်ကျေးရွာအုပ်စုအမှတ် ၄၀၊ ဦးပိုင်အမှတ် ၂၀၀/၂၊ ၂၀၀/၁၆၊ ၂၀၀/၁၇ ဥယျာဉ်မြေ ဧရိယာ ဧက (၀ဒသမ၀၃)ဧကစီရှိ မြေကွက်(၃)ကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသည်ဟုဆို၍ ဒေါ်လွင်လွင်ဆက် ၆/ထဝန (နိုင်)၀၆၇၃၇၃မှ ရောင်းချမည်ဖြစ်ပါ၍ ၎င်းရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်လွင်လွင်ဆက်** | **ဒေါ်ခင်သူဇာလင်း** |
| **၆/ထဝန(နိုင်) ၀၆၇၃၇၃** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၃၅၈၉)** |
| | **တိုက်အမှတ်(၂)၊ တယကရုံးလမ်း၊** |
| | **ဆိပ်ငယ်ရပ်၊ မြိတ်မြို့၊** |
| | **ဖုန်း-၀၉- ၄၂၂၂၁၉၇၄၄၊** |
| | **၀၉-၆၆၁၂၇၅၇၇၇** |

## CDC ပျောက်ဆုံးကြောင်း

ဦးသိန်းမြင့်နိုင်၏ သား မောင်မင်းနိုင်ထွန်း ၅/ပလဘ(နိုင်)၀၉၉၆၇၆ ၏ CDC 133540 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၄၈၀၅၀၄၀**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးစိုင်းတစ်၏ သား ကျွန်တော် အားလုံ ၁၃/တခလ(နိုင်)၀၃၅၀၅၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၄၆၇၈၄၀**

## ပျောက်ဆုံးကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်နေ (ဘ)ဦးချက်နတ်(ခ)ချတ်တာနက်၏ သား မောင်ကစ္စနား ၁/မကန(နိုင်)၁၇၁၅၈၀ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MB-984193 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၂၁၉၉**

## ပတ်စ်ပို့ပျောက်

ဦးဝင်းမြင့်သိန်း၏ သမီး မမိုးသူဝင်း ၁၂/ကမန(နိုင်) ၁၀၃၁၈၉ ၏ နိုင်ငံကူးလက်မှတ် (MF 631854)မှာခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၇၀၉၈၀၉၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/5823, Honda Click 125 M/C ယာဉ် လက်ဝယ်ရှိသူ ဦးသီဟစိုး ၆/မမန(နိုင်) ၁၂၉၂၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၄၄) ထမ္ဘနဲကွင်း၊ မြေကွက်အမှတ် (၁/၅၃+၁/၅၄+၁/၅၅+၁/၅၆+၁/၅၇+၁/၅၈+၁/၅၉ +၁/၆၀+၁/၆၁+၁/၆၂+၁/၆၃+၁/၆၄)၊ စုစုပေါင်း မြေဧရိယာ (၀ဒသမ၄၂၆)ဧကအား တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၁၇-၁-၁၉၉၈)ရက်စွဲပါ စာအမှတ် ၅၄၀/၅-၄/တယက(တနင်္သာရီ) အရ အဆောက်အအုံအဖြစ် အသုံးပြုရန် ဦးစိုးသိန်း(ခ)ဦးရှမ်းဝင်း အမည်ဖြင့် လ/န (၃၉)အမိန့် ချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးရှမ်းဝင်း(ခ) ဦးစိုးသိမ်း ၆/မအရ(နိုင်)၀၂၇၀၂၃၊ ဦးထင်ကျော်အောင် ၆/မမန(နိုင်) ၁၃၁၁၇၂တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွေ်ာအရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**မြိတ်မြို့**

# ကမ္ဘောဇဘဏ်နှင့် KBZ pay အား တရားဝင် တောင်းပန်ခြင်း

ကျွန်တော် ဦးထွန်းနေဝင်း(မှတ်ပုံတင်အမှတ် ၉/ခမစ(နိုင်)၀၃၂၀၆၆) ကိုင်ဆောင်သူသည် ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလ (၂၅)ရက်တွင် ငွေကြေးလိမ်လည်မှုတစ်ခု ကြုံတွေ့ခဲ့ရပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်မှစ၍ လူမှုကွန်ရက်ပေါ်တွင် Live Video များ၊ Post များမှတဆင့် ကမ္ဘောဇဘဏ်၏ ဂုဏ်သတင်းကျဆင်းသလိုဖြစ်အောင် ဝေဖန်ပြောဆိုမှုများ ပြုလုပ်ခဲ့မိပါသည်။

ဖြစ်စဉ်မှာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်တွင် ကျွန်တော်၏ TNW mobile ဖုန်းပြုပြင်ဆိုင်မှ ဝန်ထမ်းသည် လိမ်လည်သူ၏ အယုံသွင်းပြောဆိုမှုခံရပြီး မှားယွင်းလွှဲပြောင်းပေးခဲ့ခြင်း ဖြစ်ပါသည်။ KBZ pay ၏ နည်းပညာချို့ယွင်းမှု၊ မှားယွင်းမှုများကြောင့် လုံးဝမဟုတ်ပါ။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဝန်ထမ်းများ၏တာဝန်အရ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုများအပေါ် အထင်အမြင်လွဲမှားပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်မှစ၍ ကမ္ဘောဇဘဏ်နှင့် KBZ pay ဝန်ထမ်းများအား ဝေဖန်စွပ်စွဲပြောဆိုခဲ့ခြင်းနှင့် လူမှုကွန်ရက်ပေါ်တွင် ကိုယ်တိုင်ဖြစ်စေ၊ အခြားသူများ၏ ပြောဆိုမှုများကို ပြန်လည်မျှဝေ၍ဖြစ်စေ ပြုလုပ်ပြောဆိုစွပ်စွဲခဲ့မိပါသည်။

ကျွန်တော်၏ စိတ်ခံစားမှုအပေါ်တွင် အခြေခံခဲ့သော ပြောဆိုချက်များသည် အခြေအမြစ်မရှိ၊ မမှန်ကန်ဘဲ ကမ္ဘောဇဘဏ်၊ KBZ pay နှင့် ၎င်း၏ဝန်ထမ်းများ၏ ဂုဏ်သိက္ခာကို များစွာထိခိုက်စေခဲ့ပါသည်။ ကျွန်တော်၏အပြုအမူသည် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ ၆၆(ဃ) နှင့် အသရေဖျက်မှုပုဒ်မ (၅၀၀)တို့ဖြင့် တရားစွဲခံရနိုင်ကြောင်း နားလည်ပါသည်။ ထိုသို့ ပြောဆိုခဲ့သော စကားများ၊ စွပ်စွဲမှုများအားလုံးကို ပြန်လည်ရုပ်သိမ်းပါသည်။

ကမ္ဘောဇဘဏ်၊ KBZ pay နှင့် ၎င်း၏ဝန်ထမ်းများသည် ကျွန်တော်ကြုံတွေ့ခဲ့ရသော ငွေကြေးလိမ်လည်မှုနှင့် စပ်လျဉ်း၍သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်နှင့်တပြေးညီ တာဝန်ယူမှု တာဝန်ခံမှုရှိစွာဖြင့် လုပ်ဆောင်ခဲ့ကြောင်းနှင့် ဖြစ်ပွားခဲ့သော လိမ်လည်မှုတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း နားလည်ပါသည်။ ကျွန်တော်၏ လုပ်ရပ်များနှင့် စကားများကြောင့် ဖြစ်ပေါ်ခဲ့သော ထိခိုက်မှုများအတွက် အလွန်စိတ်မကောင်းဖြစ်ရပါသည်။ ကမ္ဘောဇဘဏ် KBZ pay နှင့် ၎င်း၏ဝန်ထမ်းများအား စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ခြင်းနှင့် ထိခိုက်စေခဲ့ခြင်းများအတွက် စိတ်ရင်းမှန်ဖြင့် တရားဝင်တောင်းပန်အပ်ပါသည်။

**ဦးထွန်းနေဝင်း**
**မှတ်ပုံတင်အမှတ် ၉/ခမစ(နိုင်) ၀၃၂၀၆၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီ(၁၀)လမ်းထောင့်၊ မြေကွက်ကြီးအမှတ်၁/န၊ မြေကွက်ငယ်အမှတ်၆၄၆မှ ဧရိယာ(၁၅ပေx ၄၀ပေ)ရှိမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်ကြည်ဝင်း (၁၂/အစန(နိုင်)၀၇၅၇၉၀)ထံမှ ဦးအောင်ဘိုဘို (၁၂/ဥကမ(နိုင်)၂၄၂၄၉၈)ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ ဖြစ်စေလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈) တရားလွှတ်တော်ရှေ့နေ**
**စျ/ ၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဦးတင်မြင့်၏ သမီး မသီသီအောင် ၁၃/တကန (နိုင်)၃၃၃၆၈၇၏ နိုင်ငံကူးလက်မှတ်နံပါတ် (MI-160069)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၈၈၀၀၉၃၈**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ် ၄၅/မြမာလာရပ်၊ ဦးပိုင်အမှတ် (၄၀-ခ )။ မြေဧရိယာ ( ၀.၀၆၉ ) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်လျှောက်ထားနိုင်ရေး ဦးစိုင်းဦး(၁၃/တယန(နိုင်)၀၃၆၇၉၇)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ် ၁၅/ ညံတောတောင်၊ ဦးပိုင်အမှတ်(၈၅)၊ မြေဧရိယာ(၀ဒသမ၀၈၅)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးစိုးနိုင်လင်း ၉/ခမစ(နိုင်)၀၀၈၃၅၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

